# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၁၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ သတင်းအညွှန်း**

**ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ မနုဟာဘုရားကြီး အာရုံခံတိုက်မပေါ်ရှိ စေတီတော် ၃၇ဆူအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်မည်** — ပြည်တွင်းသတင်း စာ ➢ ၁၂

**လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်ဆီသို့ …** — ဆောင်းပါး စာ ➢ ၆

**ကာဇက်စတန်နိုင်ငံ၌ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်မှု စတင်** — နိုင်ငံတကာသတင်း စာ ➢ ၁၄



**မြန်အောင်ခရိုင်၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်** — ပြည်တွင်းသတင်း စာ ➢ ၁၇




## မြိတ်ခရိုင် ပလောက်မြို့၌ မိုးစပါး ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ပလောက် ဩဂုတ် ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့၌ ယခုနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါးစိုက်ဧက ၁၅၆၀၆ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယခုအခါ မိုးစပါး ၁၂၁၅၆ ဧက စိုက်ပျိုးပြီးစီးကြောင်း ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပလောက်မြို့တွင် ယခုနှစ်မိုးစပါးစိုက်ရာသီဖြစ်သော ဇွန်လကုန်ပိုင်းမှ စတင်စိုက်ပျိုးခဲ့ပြီး မိုးစပါးစိုက်ပျိုးရာသီ၌ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(ပေါင်းပျိုး)နှင့် ယခင်ကြဲခင်းနေရာများတွင် တိုက်ရိုက်အစေ့ချကိရိယာများဖြင့် စိုက်ပျိုးနည်းစနစ်များကို ယခုနှစ်တွင် တောင်သူများ ပိုမိုပြောင်းလဲစိုက်ပျိုးလာကြကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❖



နောင်ချိုမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ၁၆ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၁၁၄၁ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၅၅၁ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ◆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများလက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့၊ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ် ၈ ရက်မှ စတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဩဂုတ် ၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom၊ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma၊ အင်ဒိုနီးရှားနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Muhammad Arif Hidayatullah၊ ပါကစ္စတန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Anwar Zeb၊ ကာတာနိုင်ငံ သံရုံးယာယီတာဝန်ခံ Dr. Rashid Abdulla AL–Kuwari၊ ဘရူနိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Aizul Aziz၊ ဆော်ဒီအာရေဗျနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Abdullah A. Al–Hoshan တို့က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ် ရေးထိုးခဲ့ကြသည်။ ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E.Mrs. Ponnamperuma Arachchige Prabashini Ponnamperuma လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် အင်ဒိုနီးရှားနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Muhammad Arif Hidayatullah လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ဘရူနိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Aizul Aziz လက်မှတ်ရေးထိုးစဉ်။

## လယ်ဝေးမြို့နယ်အတွင်း ကုန်ထုတ်လမ်းများကောင်းမွန်ရေးနှင့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေသုံးစွဲမှုများ ကွင်းဆင်းစစ်ဆေး

**လယ်ဝေး ဩဂုတ် ၉**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဩဂုတ် ၇ ရက်က တာဝန်ရှိသူများနှင့်အတူ ရာဇသင်္ဂဟလမ်းဘေး လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာနှင့် မုန်တောကျေးရွာများရှိ ကုန်ထုတ်လမ်းနှင့် ရေနုတ်မြောင်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ရာဇသင်္ဂဟလမ်းဘေး ကူသပိတ်ကျေးရွာအနီးရှိ ကွင်းအမှတ် (၁၈၀၆)၊ ကုန်ထုတ်လမ်း ပျက်စီးနေမှုအား ပြုပြင်ရန်နှင့် ရေနုတ်မြောင်းရေစီးရေလာ ကောင်းမွန်စေရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာနများက ပြုပြင်ဆောင်ရွက်ပေးမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်က ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မုန်တောကျေးရွာ ကွင်းအမှတ် (၁၈၁၁)အား ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။ ထို့နောက် ကြို့ပင်ကျေးရွာ ကွင်းအမှတ် (၁၈၁၀)တွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရယူသုံးစွဲမည့် တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သီဟက ဆိုလာဖြင့် စက်ရေတွင်းနှစ်တွင်း ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၅-၂၀၂၆ တွင် ဆောင်ရွက်မည့် ဆိုလာဖြင့် ရေရရှိရေးအစီအမံများ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ (Solar System) စက်ရေတွင်းဖြင့် စိုက်ပျိုးရေသုံးစွဲနိုင်မည့် အခြေအနေနှင့်ပတ်သက်၍ နေပြည်တော်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ညွန့်က ရေတင်လုပ်ငန်းနှင့် စက်ရေတွင်းများ၏ စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် စက်ရေတွင်းတစ်တွင်းလျှင် တစ်နာရီ ရေဂါလန် ၁၂၀၀၀ ထွက်ရှိပြီး တောင်သူ ၁၀ ဦး၏ အကျိုးပြုစိုက်ပျိုးဧက ၂၅ ဧကနှင့် တွင်း (၂)တွင် တောင်သူ ရှစ်ဦး၏ စိုက်ပျိုးမြေ ၂၂ ဒသမ ၆၀ ဧက စိုက်ပျိုးရေရရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများက လိုအပ်ချက်များ တင်ပြခဲ့မှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၉**
၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အခြေခံ ပညာကျောင်းများတွင် တက်ရောက် သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသစ်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများ ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အုတ်မြစ်ဖြစ်ကြောင်း၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် အရည်အချင်းရှိသော ပညာတတ်များ ပေါ်ထွန်းလာရေး စဉ်ဆက်မပြတ် အားပေးမြှင့်တင်လျက် ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို သင်ယူပြီး နိုင်ငံတော်အကျိုးကို သယ်ပိုးနိုင်သည့် အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာစေရေး ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ တက္ကသိုလ်ဝင် စာမေးပွဲကို ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများကို ဆုများ ချီးမြှင့်ပေးအပ်ရာ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့ အခမ်းအနားတွင် အခြေခံပညာ အဆင့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၁၅၇၂၅ ဦးအတွက် ကျောင်းသုံးစာရေး ကိရိယာနှင့် ဗလာစာအုပ်များ ထောက်ပံ့ခဲ့ပြီး ဘာသာစုံ ဂုဏ်ထူးရှင် လေးဦး၊ (၅) ဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ (၄)ဘာသာ ဂုဏ်ထူးရှင် ၁၁ ဦး၊ (၃) ဘာသာဂုဏ်ထူးရှင် ၄၃ ဦး၊ (၂) ဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် ၆၄ ဦး အပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၁၆၁ ဦးကို ဂုဏ်ပြုလွှာနှင့် ဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

❖ *ရှေ့ဖုံးမှ*

ယခင်နှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး စိုက်ဧကပေါင်း ၁၅၆၀၆ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးအထွက်နှုန်းအနေဖြင့် တစ်ဧကပျမ်းမျှ ၇၃ ဒသမ ၆၄ တင်းထွက်ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မိုးစပါး ၁၅၆၀၆ ဧကကို လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မှာ သိပ္ပံနည်းကျစိုက်ပျိုးနည်း (ပေါင်ပျိုး)နဲ့ ယခင်ကြဲခင်းနေရာတွေမှာ တိုက်ရိုက်မျိုးစေ့ချကိရိယာ စိုက်ပျိုးနည်းစနစ်တွေနဲ့ ဒီနှစ်မှာ တောင်သူတွေ ပိုမိုစိုက်ပျိုးလုပ်ကိုင်လာကြပါတယ်။ ဒ့ါအပြင်အထွက်ကောင်းပြီး ဒီဒေသနဲ့ကိုက်ညီတဲ့ ဆင်းသုခစပါးမျိုးများကို အဓိကထားစိုက်ပျိုးလျက်ရှိပါတယ်" ဟု ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသော်ဇင်ထွန်းက ပြောကြားသည်။

ယခုနှစ် ဇူလိုင်လကုန်တွင် တောင်ယာစပါး စိုက်ပျိုးမှုအနေဖြင့် ၆၂ ဧကကို စိုက်ပျိုးပြီးစီးနိုင်ခဲ့ပြီး ယခင်နှစ်ကထက် တောင်ယာစပါးစိုက်ပျိုးမှု လျော့နည်းသွားခဲ့ရသည်မှာ ဒေသအတွင်း၌ တောင်ယာမီးရှို့ခြင်းကို ခွင့်မပြုသည့်အတွက် တောင်ယာစပါး ခုတ်ထွင်စိုက်ပျိုးမှုနည်းပါးလာခဲ့ကြောင်း သိရသည်။

ပလောက်မြို့၌ ဒေသခံတောင်သူများ မိုးစပါး စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေးအတွက် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်း၊ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်၍ မျိုးစေ့ချကိရိယာများ အသုံးပြု၍ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးခြင်း၊ နည်းပညာပေးခြင်းများကိုလည်း စိုက်ပျိုးချိန်မီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ပလောက်မြို့၌ ဒေသတွင်း စပါးအထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းစပါးမျိုးဖြစ်သော ဆင်းသုခစပါးမျိုးကို အဓိကထား စိုက်ပျိုးလျက်ရှိသည့်အပြင် ဆင်းသွယ်လတ်၊ ပေါ်ဆန်းရင်၊ မနောသုခ၊ သီးထပ်ရင်နှင့် အခြားဒေသမျိုးများအဖြစ် ခေါက်မလိ၊ ခေါက်ဒင်းစသည့် စပါးမျိုးများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

---

◆ *ရှေ့ဖုံးမှ*

ထို့ပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၇ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ သွေးအမျိုးအစား စစ်ဆေးပေးခြင်းအနေဖြင့် ၁၆ ဦးနှင့် ငှက်ဖျားပိုးစစ်ဆေးပေးခြင်း ၁၇ ဦးတို့အား စစ်ဆေးပေးခဲ့ပြီး ပြည်သူ့ဆေးရုံတွင် OPD လူနာများအား ဆေးစိမ်ခြင်ထောင် အလုံး ၁၀၀ ကို ထောက်ပံ့ပေးသည်။ ထို့ပြင် ပြည်သူ့ဆေးရုံကြီး၌အတွင်းလူနာအဖြစ် ၃၄ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မြောက်ဥက္ကလာပမြို့နယ်၌ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၉**
မြောက်ဥက္ကလာပမြို့နယ်၌ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်မာလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းထွန်းက မိခင်နှင့်ကလေးငယ်များအား အသက်အရွယ်အလိုက် အာဟာရပြည့်စွက်စာများ စားသုံးစေရေး၊ မွေးစမှအသက် ၆လအထိ မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးပေးရန် လိုအပ်ကြောင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငါးနှစ်အောက် ကလေးသေဆုံးမှု၏ ထက်ဝက်ကျော်သည် အာဟာရချို့တဲ့မှုနှင့် ဆက်နွှယ်ပါကြောင်း၊ သန္ဓေသားဘဝမှသည် အသက် နှစ်နှစ်မပြည့်မီကာလအတွင်း အာဟာရစောင့်ရှောက်ခြင်းသည် ဘဝတစ်လျှောက်လုံးအတွက် အရေးအကြီးဆုံး လုပ်ဆောင်ချက်ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်စေရန် မိသားစုတိုင်း အသက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးရန် လိုအပ်ပါကြောင်း အိုင်အိုဒင်းအာဟာရနှင့် ကျန်းမာရေးစသည့် အသိပညာဗဟုသုတများအား ရှင်းလင်းပြောကြားသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

---

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ (A)နှင့် ရေကူးကန်ပြုပြင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်းအမျိုးသား/ အမျိုးသမီး အားကစားသမားများနှင့် အမျိုးသမီး ကွင်းသွင်းခြင်းခတ်အားကစားသမားများ(ယာပုံ) ၏ အဖွဲ့လိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမားများကို ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ Max Myanmar Construction Co., Ltd. မှ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝဏ္ဏသိဒ္ဓိရေကူးကန်အတွင်းရှိ လေ့ကျင့်ရေးရေကူးကန် ကြမ်းခင်းကျွံကျနေမှု၊ ရေသန့်စင်ရန်အတွက် ကလိုရင်း(Chlorine)ကန်နှင့် ရေပိုက်လိုင်းများ ပြုပြင်သန့်စင်နေမှုနှင့် အုတ်နံရံအတွင်း/အပြင် ပြိုကျနေမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ ရေကူးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်စေရန်အတွက် ရေကူးကန်ပြုပြင်မှုကို ဦးစားပေးဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဦးစားပေးဆောင်ရွက်ရန်နှင့် အဆောက်အအုံများကို သဘာဝဘေးအန္တရာယ်ဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်စေရန်၊ ရေရှည်တည်တံ့စေရန်နှင့် သတ်မှတ်စံချိန်/ စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီပြီး အမြန်ဆုံး တည်ဆောက်ပြီးစီးစေရေးတို့အတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ရုံးဝင်းအတွင်း ဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အိပ်ခန်းတစ်ခန်းပါ Container House များနှင့် ယာယီနေထိုင်သည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနမှ လျှပ်စစ်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နေသည့် နေရာများသို့ သွားရောက်တွေ့ဆုံပြီး လျှပ်စစ်မီးများ စနစ်တကျသုံးစွဲကြရန်၊ အိပ်ဆောင်ဘေးပတ်ဝန်းကျင်များကို အပတ်စဉ်သန့်ရှင်းရေးဆောင်ရွက်ကြရန်၊ အမှိုက်များသတ်မှတ်နေရာတွင်သာ စွန့်ပစ်ကြရန်၊ အိပ်ဆောင်များတွင် အဆောင်တာဝန်ခံများထားပြီး စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးတို့ကို ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲဖွင့်လှစ်

**ထားဝယ် ဩဂုတ် ၉**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာ ကျောင်းပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုယမန်နေ့ညနေပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရီအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြသည့် ကျောင်း ၁၅ ကျောင်းအတွက် ဘောလုံး ၃၀ နှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ ကို ပေးအပ်ချီးမြှင့်ပြီး (ယာပုံ) အမျိုးသားအသင်းဖြစ်သည့် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း အသင်းနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြရာ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အခြေခံပညာ ကျောင်းပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ငါးသင်းဖြင့် အုပ်စုများခွဲ၍ ဩဂုတ် ၂၉ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်အတူ ထားဝယ်မြို့ ကျက်သရေဆောင်လောကမာရ်ဇိန်ဘုရားကြီး၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး လောကမာရ်ဇိန်ဘုရားကြီး မျက်နှာကြက် ရွှေဆေးသုတ်နေမှု၊ ဘုရားကြီးဝင်းအတွင်း စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရွှေတောင်စားစေတီ အဝိုင်းပတ်လည်တွင် သန့်ရှင်းသန့်ရပ် လှပစေရေးအတွက် သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှု၊ ထားဝယ်မြို့တော်ခန်းမ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး**

(ပြန်/ဆက်)

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး ဟိုပုံးမြို့နယ်၌ ကွင်းဆင်းဆေးကုသမှု ကြည့်ရှုအားပေး

**ဟိုပုံး ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ စဝ်စံထွန်းဆေးရုံ၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ အထူးကု ကွင်းဆင်း ဆေးကုသခြင်းကို ယနေ့နံနက်ပိုင်းက စံဖူးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။



**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ဦးစီးအဖွဲ့ အဖွဲ့ဝင်၊ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများ၊ စဝ်စံထွန်းပြည်သူ့ဆေးရုံ၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် အထွေထွေရောဂါ အထူးကု၊ သွားနှင့် ခံတွင်းအထူးကု၊ သားဖွားမီးယပ်အထူးကုတို့က စံဖူးကျေးရွာအုပ်စု ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက် ပေးနေမှုများကို ကြည့်ရှုအားပေးကြပြီး စံဖူးကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော်ထံ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အထူးကု ကွင်းဆင်းဆေးကုသမှုအနေဖြင့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၈၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ**(ပြန်/ဆက်)

**၉ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ . . .

မောင်လေပြေ (တောင်တွင်း)

**လူငယ်ဟူသည် လန်းဆန်းတက်ကြွ၊ နုနယ်ပျိုမျစ်၊ ရဲရင့်ဖျတ်လတ်၍ အရိုးခံစိတ်ထားရှိကြသူများ ဖြစ်ကြပါသည်။ မွေးကြိုင်လန်းဆန်း ရောင်စုံပန်းတို့ ပွင့်လန်းဝေဆာအလှဖြာကြသကဲ့သို့ ကမ္ဘာလောက ဖွံ့ဖြိုးရအောင် လူငယ်တို့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ ပဲ့ကိုင်ထိန်းကျောင်း တည့်မတ်ပေးကြရမည် ဖြစ်ပါသည်။ လူငယ်များသည် ကမ္ဘာလောကကြီး၏ အနာဂတ်၊ တိုင်းပြည်နှင့် လူမျိုးတိုင်းအတွက် အရင်းအနှီးကောင်းများပင် ဖြစ်ကြပါသည်။**

ယနေ့ကာလတွင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းက တိုင်းပြည်အနာဂတ်များဖြစ်သော လူငယ်များကို အကောင်းဆုံး ပြုစုပျိုးထောင်ပေးလျက်ရှိကြသည်။ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ရှစ်ဘီလီယံကျော် ရှိသည့်အနက် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်ဦးရေသည် ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းခန့် ရှိကြောင်းနှင့် ယင်းလူငယ်ဦးရေ၏ ၉၀ ရာခိုင်နှုန်း နီးပါးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသူများ ဖြစ်သည်ဟု လေ့လာသိရှိရသည်။

> ❑ **ကမ္ဘာ့လူငယ်ဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အာရှ-ပစိဖိတ်ဒေသမှဖြစ်ပြီး ဒေသတွင်း စုစုပေါင်း လူဦးရေ၏ ၁၉ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရှိရပါသည်။ အာဆီယံဒေသတွင်း၌လည်း လူဦးရေ စုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းနီးပါးသည် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များဖြစ်ကြပါသည်။ မိမိတို့မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက် ၁၅ နှစ်မှ ၃၄ နှစ်အထိ လူငယ်များဖြစ်ကြပြီး နိုင်ငံစုစုပေါင်း လူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်ရှိသည်ဟု လေ့လာသိရှိရ**

ကမ္ဘာ့လူငယ်ဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အာရှ-ပစိဖိတ်ဒေသမှဖြစ်ပြီး ဒေသတွင်း စုစုပေါင်း လူဦးရေ၏ ၁၉ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရှိရပါသည်။ အာဆီယံဒေသတွင်း၌လည်း လူဦးရေ စုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းနီးပါးသည် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များဖြစ်ကြပါသည်။ မိမိတို့မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက် ၁၅ နှစ်မှ ၃၄ နှစ်အထိ လူငယ်များဖြစ်ကြပြီး နိုင်ငံစုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်ရှိသည်ဟု လေ့လာသိရှိရသည်။

ထိုကဲ့သို့သော ကမ္ဘာ့လူငယ်ထုတို့ ဖွံ့ဖြိုးတိုးတက်စေလိုမှုကိုအကြောင်းပြု၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ဟူ၍ ဖြစ်ပေါ်လာရပါသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဖြစ်ပါသည်။ ၁၉၉၉ ခုနှစ်က လစ်စဘွန်းမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့လူငယ်ရေးရာ ဝန်ကြီးများညီလာခံက ထောက်ခံအတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၅၄/၁၂၀ အရ နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ နှစ်စဉ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့်သက်ဆိုင်သည့် ဆောင်ပုဒ်သတ်မှတ်ကာ ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပလျက်ရှိကြသည်။

**လူငယ်များ၏အနာဂတ်ကို အလေးထားလာရန်နှင့် မြှင့်တင်ရန်အတွက် ကျင်းပ**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ကျင်းပရသည့်ရည်ရွယ်ချက်တွင် ကမ္ဘာတစ်ဝန်းရှိ လူမှုအသိုက်အဝန်း၌ လူငယ်များ၏အနာဂတ်ကို အလေးထားလာရန်နှင့် မြှင့်တင်ရန်အတွက် ကျင်းပခြင်းလည်း ပါဝင်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ လူငယ်များရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းက အလေးဂရုပြုလာစေရေးနှင့် မျက်မှောက်ကမ္ဘာ့ရေးရာများတွင် လူငယ်များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလာစေရေးတို့အတွက် နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ကျင်းပလျက်ရှိကြပါသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် သတ်မှတ်ထားသောဆောင်ပုဒ်မှာ **"လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့" "Local Youth Actions For The SDGs And Beyond"** ဟူ၍ ဖြစ်ပါသည်။

ကုလသမဂ္ဂကချမှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs) ပြီးဆုံးရမည့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူငယ်ဦးရေမှာ ၁ ဒသမ ၃ ဘီလီယံခန့် ရှိလာမည်ဖြစ်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်အားများဖြစ်သော ထိုလူငယ်ထုသည် စွမ်းဆောင်ရည်မြင့်မားကာ တော်တတ်၊ ထက်မြက်နေရန် အထူးလိုအပ်လှပါသည်။ နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံ၌လည်း လူငယ်ကဏ္ဍ အထူးအလေးထားမြှင့်တင်ကာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

လူငယ်ရေးရာဦးစီးဌာန၏ မူဝါဒများမှာ-

(၁) လူငယ်များအား ၎င်းတို့၏ ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများအား ဆောင်ရွက်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးရန်၊

(၂) လူငယ်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များဖြင့် လူ့အဖွဲ့အစည်းအတွင်း လူငယ်များ ပါဝင်ဆောင်ရွက်မှုကို အားပေးရန်၊

(၃) လူငယ်များအား ဆောင်ရွက်မှု အရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးရန်၊

(၄) လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့်ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရန်၊

(၅) နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် လူငယ်များက အဓိကအခန်းကဏ္ဍတစ်ရပ်မှနေ၍ စည်းလုံးညီညွတ်စွာဖြင့် ဦးဆောင်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်လာနိုင်စေရန်၊

(၆) ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှု အရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွန်းစေရန်၊

(၇) အနုပညာ၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီး အချင်းချင်းအပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်မည့် လူငယ်စင်တာများ ထူထောင်ပေးရန်တို့ ဖြစ်ပါသည်။

ရည်မှန်းချက်များအနေဖြင့်-

(၁) နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်အတွက် လူငယ်များကို အားကစားနှင့် ဆွဲဆောင်စည်းရုံးပြီး စနစ်တကျ ပြန်လည်ပြုစုပျိုးထောင်ရန်၊

(၂) လူငယ်များအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြီး နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်များ တိုးပွားလာစေရန်နှင့် နိုင်ငံတော်ကို ကာကွယ်လိုစိတ်များ ပေါ်ထွန်းလာစေရန်၊

(၃) လူငယ်များအတွင်း အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေတို့ကို ထိန်းသိမ်းမြှင့်တင်လိုစိတ်များ တိုးပွားလာစေရန်၊

(၄) လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာ၊ လူမှုရေး စသည့် ကဏ္ဍများတွင် ပိုမိုဖြည့်ဆည်းမြှင့်တင်ဆောင်ရွက်ပေးနိုင်စေရန်၊

(၅) မသန်စွမ်းလူငယ်များ၏ အခွင့်အရေး ကာကွယ်ရေးနှင့် မသန်စွမ်းလူငယ်များဘဝ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်နိုင်စေရန်၊

(၆) လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးလာစေရန်၊

(၇) နိုင်ငံတကာလူငယ်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ရင်းနှီးစွာ ထိတွေ့ဆက်ဆံပြီး လူငယ်များအကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်စေရန်တို့ ဖြစ်ကြောင်း လေ့လာမှတ်သားရပါသည်။

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် အောက်ပါအတိုင်း လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရသည်-

(၁) လူငယ်လူရွယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် အသင်းအဖွဲ့များဖွဲ့စည်းခြင်း၊ အသင်းအလိုက် လှုပ်ရှားမှုများ ဆောင်ရွက်စေခြင်းနှင့် လူငယ်ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်မည်။

(၂) လူငယ်များ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုသုခုမများကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်လာစေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပြည်တွင်း/ ပြည်ပ အနုပညာများ၊ ယဉ်ကျေးမှု စသည့် နှီးနှောဖလှယ်ပွဲအစီအစဉ်များကို မြှင့်တင်ချိတ်ဆက် ဆောင်ရွက်မည်။

(၃) လူငယ်များ အားကစားကို စိတ်ပါဝင်စားပြီး နေ့စဉ်အားကစားလှုပ်ရှား ကစားလာစေရေးအတွက် ပညာပေးဟောပြောခြင်း၊ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် မိမိတို့၏ သက်ဆိုင်ရာ တိုင်းရင်းသားစာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို လူငယ်များအနေဖြင့် မြတ်နိုးထိန်းသိမ်းနိုင်စေမည့် အစီအမံများ ဆောင်ရွက်သွားမည်။

(၄) လူငယ်များအကြား တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားပညာပေးရေး၊ အသိပညာ ပြန့်ပွားရေးနှင့်ဆက်နွယ်သော ကိစ္စရပ်များဆိုင်ရာ လူထုစစ်တမ်းများ သုတေသနပြုလုပ်ရာတွင် လူငယ်များကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်အောင် လုပ်ဆောင်မည်။

(၅) နိုင်ငံအတွင်းရှိ လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ သိပ္ပံနည်းပညာ၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှုကဏ္ဍများအတွက် အနာဂတ်ဖွံ့ဖြိုးမှု အလားအလာကောင်းများကို ဖြည့်ဆည်းနိုင်ရေး မဟာဗျူဟာလမ်းညွှန်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မည်။

(၆) လူငယ်များခရီးသွားခြင်းနှင့် ဒေသန္တရ ဗဟုသုတကြွယ်ဝခြင်းကို အားပေးမြှင့်တင်ရန်အတွက် လိုအပ်သောအစီအစဉ်များကို လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၇) နိုင်ငံတကာလူမှုအသိုက်အဝန်းတွင် မြန်မာလူငယ်များ၏ ဂုဏ်သိက္ခာအရည်အသွေးနှင့် အဆင့်အတန်း မြင့်မားလာစေရန်အတွက် နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဘာသာပေါင်းစုံ နှီးနှောဖလှယ်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများ ဆောင်ရွက်သွားမည်။

(၈) လူငယ်များ အလုပ်အကိုင်ရရှိစေရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း (EYE) အရ လုပ်ငန်းခွင်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ကဏ္ဍနှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေး (TVET) ကဏ္ဍတို့ ဆက်စပ်မှု ပိုမိုအားကောင်းလာစေရန်အတွက် သက်ဆိုင်ရာအကြံပေးပညာရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များပူးပေါင်း၍ အလုပ်ရုံ ဆွေးနွေးပွဲများ၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများကို ပြုလုပ်သွားမည်။

*စာမျက်နှာ ၇ သို့*

# ဝေါမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်

ဝေါ ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ပူးပေါင်းကာ အခြေခံပညာ ကျောင်းများတွင် ဩဂုတ် ၇ ရက်မှစတင်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မုံရွာခရိုင် လူထုအခြေပြုဗဟိုဌာန၌ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(BookClub)၏ အကြိမ် ၁၀၀ ပြည့် စာဖတ်ဝိုင်းကျင်းပ

မုံရွာ ဩဂုတ် ၉

မုံရွာမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း( Book Club)၏ အကြိမ် ၁၀၀ ပြည့်မြောက်သည့် စာဖတ်ဝိုင်း အခမ်းအနားကို ယနေ့



နံနက်ပိုင်းက မုံရွာခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မုံရွာမြို့နယ် စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ၊ မုံရွာမြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင် ဦးစိန်လွင် ( မောင်စိန်လွင်-မင်းကင်း) က အမှာစကားပြောကြားပြီး စာရေးဆရာ နိုင်ဝင်းမောင်၏ နေထိုင်မှုဟန်ပန်အသစ်ဖြင့် ဘဝကို ပြန်လည်တည်ဆောက်ခြင်း စာအုပ်ဖြင့် စာရေးဆရာ မြင့်အောင် (ရွှေဘိုသား)၊ အေးမင်းထက်(မုံရွာ)နှင့် ယဉ်မျိုးနုတင် (မုံရွာ)တို့က ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် စာပေဝါသနာရှင်အဖွဲ့ဝင်များဖြစ်ကြသော မောင်မောင်ချစ်ဦး(မုံရွာ)၊ ဆရာချိုနှင့် အောင်မြသိန်း (အုတ်ကျင်း) တို့က ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ဦးစိန်လွင် (မောင်စိန်လွင်-မင်းကင်း) က နိဂုံးချုပ်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ပေါက်ခေါင်းမြို့နယ်၌ ဝါမျိုးစေ့နှင့် သွင်းအားစုပေးအပ်

ပေါက်ခေါင်း ဩဂုတ် ၉

ပေါက်ခေါင်းမြို့နယ်၌ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးနှောင်းဝါသီးနှံစိုက်ပျိုးသော သမဝါယမအသင်းသား တောင်သူများအား ဝါမျိုးစေ့နှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အထွက်နှုန်းကောင်းသည့် Raka-666(BT) တစ်မျိုးတည်းကိုသာ စိုက်ပျိုးကြရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရန်နှင့် သွင်းအားစုတန်ဖိုးများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးအပ်ကြရန် ပြောကြားပြီး အသင်းသားတောင်သူများအား တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော မျိုးစေ့နှင့် သွင်းအားစုများကို ထောက်ပံ့ပေးသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါစိုက်ပျိုး သော ကျေးရွာခုနစ်ရွာ၊ အခြေခံ သမဝါယမအသင်းခုနစ်သင်းမှ အသင်းသား ၂၈၁ ဦးတို့က မိုးနှောင်းဝါစိုက်ဧက ၁၃၀၀ စိုက်ပျိုးသွားမည်။

ဖုန်းကျော်ဇင်



**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

*စာမျက်နှာ ၆ မှ*

(၉) လူငယ်များအနေဖြင့် အဖွဲ့အစည်းများနှင့် ဆောင်ရွက်ခြင်း၊ အလေ့အကျင့်ရရှိစေရန်နှင့် သက်တမ်းအလိုက် အဖွဲ့အစည်းများ ဖွဲ့စည်းပေးရန် (ဥပမာ- ယခင်ဖွဲ့စည်းခဲ့သော တေဇလူငယ်၊ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ်၊ ကင်းထောက်လူငယ်) နှင့် ၎င်းအဖွဲ့အစည်းများတွင် ဝါသနာတူရာ (စာပေ၊ ဂီတ၊ အနုပညာ၊ သိပ္ပံပညာ၊ ကွန်ပျူတာ(IT)၊ အားကစား၊ ယဉ်ကျေးမှု) ဘာသာရပ်များ စုပေါင်းလေ့လာ ဆည်းပူးနိုင်ရန်အတွက် အခွင့်အလမ်းများ ဆောင်ရွက်ပေးရန်၊ နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်လေ့လာနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

(၁၀) လူငယ်များနှင့်ပတ်သက်၍ လူငယ်များ၏ အခွင့်အရေးကို ကာကွယ်ပေးသည့် ဥပဒေရေးဆွဲပေးခြင်း စသည်တို့ပင်ဖြစ်သည်။

စာရေးသူသည် လူငယ်ရေးရာဦးစီးဌာန၏ ဖိတ်ကြားချက်အရ အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူလေးများ တစ်နည်းအားဖြင့် လူငယ်လေးများကို ဟောပြောခွင့် ရရှိခဲ့ပါသည်။ အထူးသဖြင့် လူငယ်လေးများ စာဖတ်ခြင်းအလေ့ ထွန်းကားလာရေးကို ဦးတည်ဟောပြောဖြစ်ခဲ့ပါသည်။

လူငယ်ဆိုင်ရာဥပဒေများတွင် လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ လူငယ်အရွယ်တွင် စာပေဖတ်မှတ်လေ့လာခြင်းအားဖြင့် လူငယ်တို့၏စိတ်ထဲတွင် ရဲဝံ့စွန့်စားလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်များ

> ❖ **ကမ္ဘာလောကနှင့် နိုင်ငံအသီးသီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးတက်ဆန်းသစ်သည့် အတွေးအခေါ်ရှိသော၊ နုပျိုတက်ကြွ၍ အားမာန်အပြည့်ရှိသော၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ မရှိမဖြစ်လိုအပ်ပါသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဟူသည့် ဆိုရိုးစကားနှင့်အညီ လူငယ်များသည် နောင်တစ်ချိန်တွင် ကမ္ဘာလောကကြီးနှင့် နိုင်ငံအသီးသီး၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြရမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြ**

ဖြစ်ပေါ်လာကာ အသိဉာဏ်ပညာဆင်ခြင်တုံတရားများဖြင့် ထိန်းချုပ်၍ ဖွံ့ဖြိုးတိုးတက်သော လူငယ်လေးများ ဖြစ်လာမည်ဖြစ်ပါသည်။ သို့မှသာ လူငယ်မောင်မယ်လေးများသည် အတ္တဟိတ၊ ပရဟိတစိတ်မျှတစွာ မွေးမြူ၍ မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိတို့လူ့ဘောင်လောက သာယာလှပအောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။

နိုင်ငံတော်က အားကိုးအားထားရသည့်လူငယ်များဖြစ်လာစေရေး လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အလားအလာကောင်းများကို ရှေ့ဆောင်လမ်းပြပေးနိုင်ရေးအတွက် လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်းပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံချက် ၂၀၂၅-၂၀၂၉ ကိုလည်း ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေး အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းအားဖြင့် လူငယ်များနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့အဖွဲ့အစည်းကို တည်ဆောက်သွားနိုင်ကြမည်ဖြစ်ပါသည်။

လူငယ်ရေးရာဦးစီးဌာန၏ ရည်မှန်းချက်များတွင် **နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ရင်းနှီးစွာထိတွေ့ဆက်ဆံပြီး လူငယ်များအကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်စေရန်** ဟူ၍ပါရှိရာ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို အကြောင်းပြု၍ လူငယ်ထုအကြား ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများမှ လူငယ်များနှင့် ချစ်ကြည်ရင်းနှီးကာ ယဉ်ကျေးမှုနည်းပညာ အတတ်ပညာ နယ်ပယ်စုံတွင် ပေါင်းစည်းယှက်နွယ် ပညာဖလှယ်နိုင်အောင် လူငယ်ထု၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် အထောက်အကူကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။

**လူငယ်ထု၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်လျက်ရှိ**

ဖွံ့ဖြိုးမှုအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသာမက စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများ ဖြစ်ပေါ်စေပြီး လူမှုဘဝအရည်အသွေး တိုးတက်လာစေခြင်းဖြစ်သည်။ လူငယ်ထု၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် လူငယ်ရေးရာဦးစီးဌာနအနေဖြင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အကောင်အထည်ဖော်ရေး ရာနှုန်းပြည့်ဦးတည်လျက်ရှိသည်ကို လေ့လာသိရှိရပါသည်။

ကမ္ဘာလောကနှင့်နိုင်ငံအသီးသီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးတက်ဆန်းသစ်သည့်အတွေးအခေါ်ရှိသော၊ နုပျိုတက်ကြွ၍ အားမာန်အပြည့်ရှိသော၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ မရှိမဖြစ်လိုအပ်ပါသည်။ **ယနေ့လူငယ် နောင်ဝယ်လူကြီး** ဟူသည့် ဆိုရိုးစကားနှင့်အညီ လူငယ်များသည် နောင်တစ်ချိန်တွင် ကမ္ဘာလောကကြီးနှင့် နိုင်ငံအသီးသီး၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြရမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။

လူငယ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲခြင်းအားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရင်း ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး ဘဝအတွက် စွမ်းဆောင်ရည်မြင့်တက်ကာ တိုင်းပြည်နှင့် လူမျိုးကိုချစ်တတ်သော မိမိအကျိုး၊ နိုင်ငံ့အကျိုး၊ လောကအကျိုးကို သယ်ပိုးနိုင်သော လူတော်လူကောင်းလေးများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား – mosya.gov.mm**

**– နေ့စဉ်ထုတ်သတင်းစာများ**

# တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ပြည်သူ့ဆေးရုံခုတင် (၅၀)၌ တပ်မတော်သားများ၊ ဝန်ထမ်းများနှင့် ပြည်သူလူထုမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပျဉ်းမနားမြို့နယ် ရာဇဌာနီလမ်းမကြီး လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**တောင်သူများလက်ဝယ်ရောက်ရှိရေး**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် သရက်သမိန်ကျေးရွာ၌ တစ်နှစ်သုံးသီး၊ သီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး မျိုး၊ မြေ၊ ရေ၊ နည်း နှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ မိုးဆောင်း၊နွေရာသီပြည့်သီးနှံများစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေဩဇာကို တောင်သူများပြုလုပ်သုံးစွဲရေး၊ မျိုးစေ့ချကိရိယာ၊ ကောက်စိုက်စက်များဖြင့်စိုက်ပျိုးရေး၊ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဝေပေးမည့် ဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ်သို့ ရောက်ရှိအောင်စီမံဆောင်ရွက်ရေး မှာကြားသည်။ (ယာပုံ)

**ပေါင်းစပ်ဆောင်ရွက်ပေး**

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက သီးနှံများစိုက်ပျိုးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သွင်းအားစုများနှင့် တာဝန်ရှိသူများက မျိုးစေ့များ၊ သွင်းအားစုများကို တောင်သူများထံ ပေးအပ်ခဲ့ ကြောင်း သိရသည်။



**အောင်သူရဦး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအေးကျော် ၂၃၀ ကေဗွီ သပြေဝပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ၅၀၀ကေဗွီ မိတ္ထီလာ (ကံကောင်း) ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု၊ ၂၃၀ ကေဗွီ သပြေဝ ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ကေဗွီဘဲလင်းပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် Power Gen (ကျောက်ဆည်) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ၅၀၀ ကေဗွီ မိတ္ထီလာ (ကံကောင်း) ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက စီမံကိန်း တပ်ဆင်စမ်းသပ်ကာလအတွင်း တာဝန်ကျဝန်ထမ်းများ အနေဖြင့် ဓာတ်အားပို့လွှတ် ထိန်းချုပ်ကိရိယာများ စနစ်တကျ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေး ကြိုတင်ပြင်ဆင် လေ့လာသင်ကြားသွားရန်၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှု မပြီးသေးမီ ယာယီအစီအစဉ်ဖြင့် နေထိုင်သွားရေးမှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ Switch Yard အတွင်း လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ဓာတ်အားများ လက်ခံနိုင်ရေးပြင်ဆင်**

ယင်းနောက် ၂၃၀ ကေဗွီ သပြေဝ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက နောင်တွင် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားများ ချိတ်ဆက်ပို့လွှတ်လာပါက လက်ခံနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အစီအမံများ ကြိုတင် ဆောင်ရွက်နိုင်ရေး မှာကြားပြီး Computer Control Room အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ ဘဲလင်း ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားခွဲရုံ Switch Yard အတွင်း မန္တလေးငလျင်ကြီး ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြင်ဆင်၍ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှုနှင့် Switch Bay များ ထပ်မံတိုးချဲ့တည်ဆောက်သွားနိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Power Gen (ကျောက်ဆည်) သဘာဝဓာတ်ငွေ့ အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိ၍ ဒုတိယဝန်ကြီးက သွင်းကုန်လိုင်စင် ထောက်ခံချက်ရရှိရေး အချိန်မီကြိုတင်တင်ပြသွားရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဓာတ်အားပေးစက်ရုံအတွင်း အင်ဂျင်များမှ ဓာတ်အားထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် Central Control Room အတွင်းမှ သဘာဝ ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက် မောင်းနှင်မှု အချက်အလက်များကို စောင့်ကြည့် ထိန်းချုပ်နေမှု အခြေအနေများနှင့် ဓာတ်အားလိုင်းများသို့ ဓာတ်အားပို့လွှတ်နေမှု အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာစီးပွားရေးဈေးကွက်ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် စီးပွားရေးနှင့်ကုန်သွယ်ရေးလုပ်ငန်းရှင်များ မွေးထုတ်

**ရန်ကုန် ဩဂုတ် ၉**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း(စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သွယ်ရေး ဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်) ၌ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏စီးပွားရေး မူဝါဒများနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများအတွက် ပို့ကုန်သွင်းကုန် လိုင်စင်များထုတ်ပေးမှုအပါအဝင် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုစေ့စပ်ဆွေးနွေး ညှိနှိုင်းရေး၊ စားသုံးသူကာကွယ်ရေး၊ မူပိုင်ခွင့်များမှတ်ပုံတင်ရေး၊ ကုန်သွယ်မှု ပညာပေးရေး စသည့် လုပ်ငန်းနယ်ပယ်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်သည့်အခါ ဗဟိုဘဏ်၏ မူဝါဒများနှင့်အညီ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလိုငွေများ မဖြစ်ပေါ်စေရေးအတွက် ပို့ကုန်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အတွက် အဓိကလိုအပ်သည့် သွင်းကုန် ပစ္စည်းများကိုလည်း ဦးစားပေး ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတကာ စီးပွားရေးဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် ပို့ကုန်လုပ်ငန်းရှင်သစ်များနှင့် စီးပွားရေးနှင့်ကုန်သွယ်ရေး လုပ်ငန်းရှင်များ မွေးထုတ်ရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စာတမ်းအကောင်းဆုံးဆု ရရှိသူများကို ဆုချီးမြှင့် ပေးအပ်ပြီး(ယာပုံ) ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း အောင်လက်မှတ် များ ချီးမြှင့်ပေးအပ်သည်။

ယခု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ)အမှတ်စဉ် (၁၁) မှ သင်တန်းသား သင်တန်းသူ ၁၀၈ ဦး အပါအဝင် ယခင်ဖွင့်လှစ်ပြီးဖြစ်သည့် ကုန်သွယ်မှုအခြေခံ သင်တန်းများမှ သင်တန်းသား သင်တန်းသူ ၂၀၂၂ ဦးနှင့် ကုန်သွယ်မှု အဆင့်မြင့်သင်တန်း မှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ရက်တိုသင်တန်းမှ သင်တန်းသား သင်တန်းသူ ၈၂၂ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၉၄၁ ဦးကို ကုန်သွယ်မှုကဏ္ဍအတွက် မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။




အဆိုပါ သင်တန်းဆင်းပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်းမှ သင်တန်းသား ဟောင်းများ၊ သင်တန်းနည်းပြများ၊ နှင့် သင်တန်းသား သင်တန်းသူ များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကလေးမြို့ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ ဥပုသ်ချောင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကလေးတပ်နယ်မှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ ဥပုသ်ချောင်း ရေစီးရေလာကောင်းစေရန်အတွက် သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ၊ အမှိုက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ ဆေးရုံဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး **(ယာပုံ)** လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ခေတ္တဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ခေတ္တဆေးရုံအုပ်ကြီးက ပြည်သူများအား ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ဆရာဝန်ကြီးများနှင့် သူနာပြုများက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ခေတ္တဆေးရုံအုပ်ကြီးထံ ဆေးရုံဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ယင်းနောက် အဆိုပါဆေးရုံကြီးရှိ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် သွေးလှူဘဏ်တို့အတွက် တပ်ဆင်ပြီးစီးခဲ့သည့် ဆိုလာခန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ပေးခဲ့သည့် ရေကန်တို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည့် ကလေးမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကလေးမြို့ရှိ တာဟန်းဈေးနှင့် မြို့မဈေးများသို့ သွားရောက်၍ ဈေးဆိုင်ခန်းများ စနစ်တကျရောင်းချနေမှု၊ ဈေးများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းဈေးဝယ် လာရောက်ကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ **(ဝဲပုံ)** ထို့နောက်တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် ခိုလမ်တပ်နယ်(က)အသင်းနှင့် မိုင်းပန်တပ်နယ် အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဩဂုတ် ၂၂ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် နှောကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က နှောကုန်းကျေးရွာရှိ မိုးကောင်းပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၆ ပါးနှင့် ဒေသခံပြည်သူ ၁၁၆ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။



ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းကို စုပေါင်း ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဩဂုတ် ၉**

ယနေ့ည ၇ နာရီ ၀၀ မိနစ် ၀၇ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မင်းကင်းမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၉၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ခ်ျတာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# ရိုးရာယဉ်ကျေးမှုနဲ့ သဘာဝအလှတို့ ထိတွေ့ဖို့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့သို့

**လင်းလင်း**



တီယန်ကျင်းမြို့၏ ညဆည်းဆာအလှကို တွေ့ရစဉ်။

ရွှေဝါရောင်ကြီးမားထင်ရှားတဲ့မျက်နှာဖုံးနဲ့ ခြင်္သေ့ခေါင်းကို တစ်ဦးကမြှောက်၍ အဝါရောင်၊ အနီရောင်ပိတ်စအမျှင်တွေနဲ့ အလှဆင်ထားတဲ့ ခန္ဓာကိုယ်နဲ့ အမြီးကို တစ်ဦးက ကိုင်ကာ စည်တီးသံနဲ့ စည်းချက်ညီအောင် သရုပ်ဖော်ကပြနေပါတယ်။

### ခြင်္သေ့အကက ပရိသတ်တွေကို စိတ်လှုပ်ရှားစေ

ခြင်္သေ့ပုံစံတစ်ခုမှာ အကသမားနှစ်ဦးပါဝင်ပြီး ခြင်္သေ့လေးကောင်က ခေါင်းကို အပေါ်အောက်၊ ဘယ်ညာလှည့်ကာ၊ ခုန်ကာ၊ ပြေးလွှားကာနဲ့ စည်တီးသံ၊ လင်းကွင်းသံ၊ ခရာသံတွေနဲ့အညီ လှုပ်ရှားနေပါတယ်။ ခြင်္သေ့အကမှာ လှုပ်ရှားမှုတွေက အားမာန်အပြည့်နဲ့ ခြင်္သေ့ရဲ့ စိတ်ခံစားမှု စွမ်းအင်ကို ဖော်ပြနေပါတယ်။ တူရိယာတီးမှုတ်သံတွေက ခြင်္သေ့ရဲ့ လှုပ်ရှားမှုကို ပိုမိုသက်ဝင်စေပြီး ပရိသတ်တွေကို စိတ်လှုပ်ရှားစေပါတယ်။

တီယန်ကျင်းရိုးရာ ခြင်္သေ့အက (Tianjin Traditional Lion Dance) ဖြစ်ပြီး ကံကောင်းခြင်း၊ အောင်မြင်ခြင်း၊ သာယာဝပြောခြင်း၊ မကောင်းသောစွမ်းအင်တွေကို ဖယ်ရှားခြင်း အဓိပ္ပာယ်တွေကို ပေးစွမ်းပါတယ်။ တရုတ်နိုင်ငံရဲ့ ထင်ရှားတဲ့ ရိုးရာယဉ်ကျေးမှုအနုပညာတစ်ခုဖြစ်ပြီး ပွဲတော်တွေ၊ အထူး အခမ်းအနားတွေမှာ ကပြလေ့ရှိပါတယ်။

တရုတ်နိုင်ငံနဲ့ အခြားနိုင်ငံများအကြား သတင်းမီဒီယာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေဖို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာသတင်းဆက်သွယ်ရေးစင်တာ (China International Press Communication Center –CIPCC) အစီအစဉ်နဲ့ တီယန်ကျင်းမြို့ကို ရောက်ရှိနေတဲ့ နိုင်ငံတကာမှသတင်းထောက်တွေကို တီယန်ကျင်းရိုးရာခြင်္သေ့အကနဲ့ ကပြဖျော်ဖြေနေခြင်းဖြစ်ပါတယ်။

ရိုးရာယဉ်ကျေးမှုနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွေ ယှဉ်တွဲတည်ရှိနေတဲ့ တီယန်ကျင်း (Tianjin) မြို့က ပေကျင်းမြို့အနီး ၁၃၇ ကီလိုမီတာ (၈၅မိုင်)ခန့်အကွာမှာ တည်ရှိပါတယ်။ အမြန်ရထားနဲ့ဆိုရင် မိနစ် ၃၀ လောက်သာ သွားရပါတယ်။ တရုတ်နိုင်ငံရဲ့ အရေးပါတဲ့ မြို့ကြီးလေးမြို့ထဲက တစ်မြို့ဖြစ်ပြီး ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတွေနဲ့ ဆက်သွယ်သွားလာနိုင်တဲ့ ကမ်းရိုးတန်း ဆိပ်ကမ်းမြို့ဖြစ်ပါတယ်။

၁၄၀၄ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး "Tianjin"က "ကူးတို့ဆိပ်"အဓိပ္ပာယ်ရတယ်လို့ သိရပါတယ်။ ၁၈၆၀ ပြည့်နှစ်မှာ ကုန်သွယ်ဆိပ်ကမ်းမြို့အဖြစ် ဖွင့်လှစ်ခဲ့ပြီး တရုတ်နိုင်ငံမြောက်ပိုင်းရဲ့ အရေးပါတဲ့ ဆိပ်ကမ်းမြို့တစ်ခု ဖြစ်ခဲ့ပါတယ်။

### အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်

သမိုင်းနဲ့ ယဉ်ကျေးမှု ဗဟိုချက်ဖြစ်သလို တရုတ်နိုင်ငံမြောက်ပိုင်း ဟိုင်းဟီမြစ်(Haihe River) ကမ်းပါးမှာ တည်ရှိပြီး ဘိုဟိုင်ပင်လယ်(Bohai)နဲ့လည်း နီးပါတယ်။ မြစ်နဲ့ပင်လယ်တွေ့ဆုံရာမှာ တည်ရှိတဲ့အတွက် Tianjin Port ဟာ တရုတ်နိုင်ငံမြောက်ပိုင်းရဲ့ အကြီးဆုံး ကုန်စည်ပို့ဆောင်ရေး ဆိပ်ကမ်းတစ်ခု ဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်မြင့် ဆိပ်ကမ်းတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၂၀၀ ကျော်၊ ဒေသပေါင်း ၈၀၀ ကျော်မှာရှိတဲ့ ဆိပ်ကမ်းတွေနဲ့ ကုန်သွယ်မှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ရေကြောင်း–ရထားပေါင်းစပ်သယ်ယူပို့ဆောင်ရေးလိုင်း ၄၀ ကျော်၊ ကွန်တိန်နာသင်္ဘောလိုင်း ၁၄၇ ခုနဲ့ လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၂၄ ခုနှစ်မှာ Jin Gang Tong ပလက်ဖောင်း (tjgportnet.com) ကို မိတ်ဆက်ခဲ့ပြီး Global Shipping Busi–ness Network(GSBN) နဲ့ ချိတ်ဆက်ကာ အမေရိကန်အရှေ့ကမ်းရိုးတန်းနဲ့ တောင်အမေရိက အရှေ့ကမ်းရိုးတန်းကို တိုက်ရိုက်သင်္ဘောလိုင်းအသစ်တွေ စတင်ခဲ့ပါတယ်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ ဧပြီအထိ ကုန်စည်သယ်ယူမှုပမာဏ တန်ချိန် ၁၆၂သန်းနဲ့ ကွန်တိန်နာသယ်ယူမှုပမာဏ ၇ ဒသမ ၇၁၄ သန်း(TEU) ရှိခဲ့တယ်လို့ သိရပါတယ်။

တီယန်ကျင်းမြို့မှာ နောက်ထပ်လေ့လာစရာနေရာကတော့ ဟိုင်ဟီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာ တည်ရှိတဲ့ တီယန်ကျင်း ရှေးဟောင်းယဉ်ကျေးမှုလမ်းဖြစ်ပြီး မြို့ရဲ့သမိုင်းနဲ့ယဉ်ကျေးမှုကို ကိုယ်စားပြုတဲ့ အထင်ကရနေရာတစ်ခု ဖြစ်ပါတယ်။ ကျင်(Jin)၊ ယွမ်(Yaun)၊ မင်း (Ming)၊ ချင်း (Qing) မင်းဆက်တွေက ကျန်ရစ်ခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်တွေကို ထိန်းသိမ်းထားပြီး သမိုင်းဝင်အဆောက်အအုံ များစွာတည်ရှိပါတယ်။ ဒေသထွက်အစားအစာတွေ၊ ရိုးရာပြပွဲတွေ၊ အနုပညာလက်ရာတွေကို တွေ့မြင်ခံစားနိုင်တဲ့ နေရာတစ်ခုလည်းဖြစ်ပါတယ်။

### ခရီးသွားအများစု စိတ်ဝင်စား

ညနေပိုင်းမှာ ဟိုင်ဟီမြစ်တစ်လျှောက် အပျော်စီးသင်္ဘောနဲ့ လှည့်လည်တဲ့ ခရီးစဉ်ကလည်း ခရီးသွားအများစု စိတ်ဝင်စားကြပါတယ်။ တီယန်ကျင်းမြို့ရဲ့ မြစ်ကမ်းပါးတစ်လျှောက် မြစ်ပြင်မြင်ကွင်းရှုခင်းတွေ၊ သမိုင်းဝင်ဗိသုကာလက်ရာတွေနဲ့ ခေတ်မီမိုးမျှော်တိုက်ကို ရောင်စုံမီးတွေနဲ့ လှပစွာ ယှဉ်တွဲပေါင်းစပ်ထားပါတယ်။ တရုတ်နှင့် အနောက်တိုင်းဗိသုကာပုံစံ ပေါင်းစပ်ထားပြီး မိုးမျှော်တိုက်တွေဆီက ဖြာထွက်တောက်ပနေတဲ့ ရောင်စုံမီးရောင်စုံတွေက မြစ်ပြင်ကို ဖြန့်ကြက်ထားတဲ့အတွက် ညနေခင်းရဲ့ အမှောင်နဲ့ လိုက်ဖက်သက်ဝင်နေပါတယ်။

ဖြတ်သန်းသွားလာရာ မြစ်ကြောင်းတစ်လျှောက် ၃၂ ကီလိုမီတာရှိပြီး အဆောက်အအုံ ၂၁၆ ခု၊ တံတား ၁၃ စင်းရှိပါတယ်။ မြစ်ကမ်းတစ်လျှောက် ဆိပ်ကမ်း ခုနစ်ခုရှိပြီး ရိုးရာယဉ်ကျေးမှု အမွေအနှစ် ပြပွဲတွေ၊ ဖျော်ဖြေရေး အစီအစဉ်တွေ ကျင်းပလျက်ရှိတာကို တွေ့ရပါတယ်။ တီယန်ကျင်းမြို့ "ဟိုင်ဟီမြစ်ရဲ့ ညအလှ"က မြစ်ပြင်ကိုဖြတ်ပြီး တိုက်ခတ်လာတဲ့လေနဲ့အတူ တေးသွားနဲ့ မီးရောင်စုံတွေကြောင့် ရေအစဉ်ကပါ လိုက်ပါကနေသယောင် ငေးမော၍ မဆုံးနိုင်အောင် ဖြစ်ရပါတယ်။

မြစ်ကမ်းဘေး တစ်လျှောက်မှာ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်နေသူတွေ၊ မိသားစုနဲ့ အပန်းဖြေလမ်းလျှောက်နေသူတွေ၊ ပြေးလွှားကစားနေတဲ့ ကလေးငယ်တွေနဲ့ မိဘတွေကို တွေ့မြင်ရပါတယ်။ သူတို့မြို့ကို လာရောက်လည်ပတ်တဲ့ ခရီးသွားတွေကို ဖော်ရွေပျူငှာစွာ ကြိုဆိုတဲ့အနေနဲ့ လက်ပြနှုတ်ဆက်နေကြပါတယ်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သလို တီယန်ကျင်းမြို့က တရုတ်နိုင်ငံရဲ့ စက်မှုလုပ်ငန်းနဲ့ အထည်အလိပ်လုပ်ငန်းတွေ စတင်ရာနေရာဖြစ်ပြီး နိုင်ငံတကာနဲ့ ဆက်သွယ်ဆက်ဆံမှုရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် ခန့်မှန်းချက်အရ တီယန်ကျင်းရဲ့ လူဦးရေဟာ ၁၄ သန်းကျော်ရှိပါတယ်။ တီယန်ကျင်းဆိပ်ကမ်းနဲ့ ကမ်းလွန် အင်ဂျင်နီယာကုမ္ပဏီတွေ တည်ရှိနေပြီး မော်တော်ကားစက်ရုံတွေ၊ ဓာတုဗေဒ၊ သံမဏိနဲ့ အီလက်ထရောနစ်လုပ်ငန်းတွေ၊ သတင်းအချက်အလက်နည်းပညာ၊ ခေတ်မီဆေးပညာဆိုင်ရာလုပ်ငန်းတွေ စုစည်းတည်ရှိနေပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် အထူးအခွန်လျှော့ပေါ့မှု၊ သက်သာတဲ့ ကုန်သွယ်မှု စည်းမျဉ်း၊ လုပ်ငန်းလည်ပတ်ရာမှာ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်တဲ့စနစ်တွေကို ဖန်တီးပေးထားတဲ့ ကုန်သွယ်မှုဇုန် (Tianjin Free Trade Zone) တည်ရှိပြီး နိုင်ငံတကာမှ နာမည်ကျော် ကုမ္ပဏီများစွာ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိတယ်လို့ သိရပါတယ်။

တီယန်ကျင်းမြို့ရဲ့ စီးပွားရေးတိုးတက်မှု မောင်းနှင်အားက တရုတ်နိုင်ငံရဲ့ အကြီးဆုံးစက်မှုဇုန်တွေထဲက တစ်ခုဖြစ်တဲ့ ဘင်ဟိုင်းစီးပွားရေးဇုန်သစ် ဖြစ်ပါတယ်။ တီယန်ကျင်းမြို့ရဲ့ အရှေ့ဘက်မှာ တည်ရှိပြီး ပေကျင်းမြို့နဲ့နီးတဲ့အတွက် မဟာဗျူဟာကျတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့အတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေအတွက် ဆွဲဆောင်မှုရှိတဲ့နေရာတစ်ခု ဖြစ်ပါတယ်။

တီယန်ကျင်းမြို့က တရုတ်နိုင်ငံရဲ့ အရှေ့မြောက်၊ မြောက်ပိုင်းနဲ့ အနောက်မြောက်ဒေသတွေအတွက် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးတံခါးပေါက်အဖြစ် အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။ သမိုင်းကြောင်းနဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝအလှတရားတွေကို တစ်ပြိုင်နက်တည်း ထိတွေ့နိုင်တဲ့နေရာတစ်ခုအဖြစ် ခံစားမိသမျှ ရေးသားဖော်ပြလိုက်ရပါတယ်။ ။



ခြင်္သေ့အကဖြင့် ဖျော်ဖြေနေမှုကို တွေ့ရစဉ်။

> ❖ **တီယန်ကျင်းမြို့ရဲ့ မြစ်ကမ်းပါးတစ်လျှောက် မြစ်ပြင်မြင်ကွင်းရှုခင်းတွေ၊ သမိုင်းဝင်ဗိသုကာ လက်ရာတွေနဲ့ ခေတ်မီမိုးမျှော်တိုက်ကို ရောင်စုံမီးတွေနဲ့ လှပစွာ ယှဉ်တွဲပေါင်းစပ်ထားပါတယ်။ တရုတ်နှင့် အနောက်တိုင်းဗိသုကာပုံစံ ပေါင်းစပ်ထားပြီး မိုးမျှော်တိုက်တွေဆီက ဖြာထွက်တောက်ပနေတဲ့ ရောင်စုံမီးရောင်စုံတွေက မြစ်ပြင်ကို ဖြန့်ကြက်ထားတဲ့အတွက် ညနေခင်းရဲ့ အမှောင်နဲ့ လိုက်ဖက်သက်ဝင်နေ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် လှိုင်းဘွဲချောင်း လူကူးကြိုးတံတား ဖွင့်ပွဲတက်ရောက်



**ဘားအံ ဩဂုတ် ၉**

ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ စုစုပေါင်းငွေကျပ် ၁၂၈၆ ဒသမ ၁၀၅ သန်းဖြင့် လှိုင်းဘွဲမြို့နယ် (က)ရပ်ကွက်၊ ရွှေဂွန်းလမ်း (ဇင်ယော်ဖြတ်လမ်းမှ အထက (၁)ရှေ့လမ်း) ဖြတ်ကျော်တည်ဆောက်ထားသည့် လှိုင်းဘွဲချောင်း လူကူးကြိုးတံတားပေ ၂၄၀ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါတံတားထိပ်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုးတံတားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြိုးတံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တက်ရောက်လာသူများနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် အဆိုပါတံတားလူသွားလမ်းအကျယ် ၆ ပေ၊ သံမဏိကြိုးဆိုင်းတံတားအမျိုးအစား၊ လူကူးကြိုးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲတွင်ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လှိုင်းဘွဲချောင်းလူကူးကြိုးတံတားသည် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လှိုင်းဘွဲတံတားကြီးမှ တကူးတကပတ်၍ သွားလာနေရသည့်အချိန်ကြန့်ကြာမှုကိုလျှော့နည်းစေသော ဖြတ်လမ်းတံတားတစ်စင်းအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရမှအကုန်အကျခံတည်ဆောက်ပေးထားသည့် လမ်း / တံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုပြီး ကျန်ရှိသည့်လမ်း/တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်လည်း ယခုကဲ့သို့ ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုးတံတားဖွင့်ပွဲသို့တက်ရောက်လာသူများကို ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျိုင်းတုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



**ကျိုင်းတုံ ဩဂုတ် ၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ နောင်လုံ၊ လွယ်မွေအုပ်စု မြို့ရှောင်လမ်းဘေးရှိ နောင်လုံကုမ္ပဏီပိုင်ရှင် ဦးအားဂျိုး၏ နွားနောက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကာ နွားနောက်အားတိုးဆေးများ ပေးအပ်သည်။

ထို့နောက် ကျိုင်းတုံတက္ကသိုလ်ရှေ့ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းနှင့် ပလက်ဖောင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့ရေး၊ ကျိုင်းတုံတက္ကသိုလ်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံအားကစားကွင်းနှင့် ကျိုင်းတုံမြို့ အထင်ကရ နောင်တုံကန်ကို ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံဟော်နန်းရှေ့ရှိ ကွန်ကရစ်ရေမြောင်းဖုံးအချို့ ပျက်စီးနေမှုကို ပြုပြင်ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❖ *ကျောဖုံးမှ*

အောင်မြင်ရေး အဆုံးအဖြတ်ပွဲအဖြစ် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့အဖြစ် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်း၊ ည ၇ နာရီတွင် အင်ဒိုနီးရှားအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု ဒုတိယနေ့အပြီးတွင် အိန္ဒိယအသင်းနှင့် မြန်မာအသင်းက လေးမှတ်စီ၊ အင်ဒိုနီးရှားအသင်းက နှစ်မှတ်ရရှိထားပြီး တာ့ခ်မင်နစ္စတန်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးဘဲ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းထက် ဂိုးကွာခြားချက်နည်းနေသဖြင့် နိုင်ပွဲရရှိရန် လိုအပ်နေပြီး သရေကျပါက အခြားအသင်းများ၏ ရလဒ်ကို စောင့်ကြည့်ရမည် ဖြစ်သည်။ မြန်မာနှင့်အိန္ဒိယအသင်း သရေကျပြီး အင်ဒိုနီးရှားအသင်းက တာ့ခ်မင်နစ္စတန်အသင်းကို အနိုင်ရပါက ငါးမှတ် သုံးသင်းဖြစ်သွားမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရေးအတွက် တွက်ချက်ရာတွင် အုပ်စုအောက်ဆုံးမှ တာ့ခ်မင်နစ္စတန်နှင့် တွေ့ဆုံသည့်ရလဒ်ကို ပယ်ဖျက်ကာ သုံးသင်းထိပ်တိုက်တွေ့ဆုံမှုရလဒ်ဖြင့် ဆက်လက်ဆုံးဖြတ်မည်ဖြစ်သည်။ အိန္ဒိယနှင့် အင်ဒိုနီးရှားအသင်းက ဂိုးမရှိသရေကျထားပြီး မြန်မာနှင့် အင်ဒိုနီးရှားအသင်းက နှစ်ဂိုးစီ သရေကျထားရာ မြန်မာအသင်းအနေဖြင့် သွင်းဂိုးရရှိပြီး သရေကျပါက အုပ်စုပထမနေရာရရှိကာ ခြေစစ်ပွဲ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် အိန္ဒိယအသင်းကို မရှုံးအောင်ကစားရန် လိုအပ်ပြီး သရေကျပါကလည်း သွင်းဂိုးရရှိပြီး သရေကျရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ခွင့်အတွက် အနိုင်ရလဒ် သို့မဟုတ် သွင်းဂိုးရရှိပြီး သရေကျရန် လိုအပ်နေသည်။ သို့သော် မြန်မာနှင့် အိန္ဒိယအသင်း သရေကျပြီး အင်ဒိုနီးရှားအသင်းက တာ့ခ်မင်နစ္စတန်ကို အနိုင်မကစားနိုင်လျှင် အိန္ဒိယအသင်းက အုပ်စု ပထမရရှိသွားပြီး ခြေစစ်ပွဲအောင်မြင်သွားမည် ဖြစ်သည်။ မြန်မာအသင်းသည် တာ့ခ်မင်နစ္စတန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အင်ဒိုနီးရှားအသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။ အိန္ဒိယအသင်းမှာမူ အင်ဒိုနီးရှားအသင်းနှင့် ဂိုးမရှိသရေကျပြီး တာ့ခ်မင်နစ္စတန်အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားသည်။

အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။ အသင်းနှစ်သင်း အနေအထားအရ မြန်မာအသင်းအနေဖြင့် နိုင်ပွဲဆက်ရန် သေချာသလောက်ရှိသော်လည်း သွင်းဂိုးအရေအတွက်သာ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် တီမောအသင်းကို အနိုင်ကစားနိုင်သည့် အပြင်ဒုတိယပွဲကစားမည့်လက်ရှိချန်ပီယံ ဖိလစ်ပိုင်အသင်းမှာလည်း ဩစတြေးလျအသင်းကို အနိုင်ကစားနိုင်ပါက နှစ်သင်းစလုံး နောက်ဆုံးပွဲမတိုင်မီ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဩစတြေးလျအသင်းသည် ဖိလစ်ပိုင်ကို သရေ သို့မဟုတ် အနိုင်ကစားနိုင်ပါက နောက်တစ်ဆင့်တက်ရေး နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ အုပ်စုပထမပွဲတွင် မြန်မာအသင်းက ဩစတြေးလျအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရပြီး ဖိလစ်ပိုင်အသင်းက တီမောအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားသည်။

**မောင်ညီ၊ ခတ်ပုံ-သော်ကြီး**



# ကလောမြို့နယ်၌ မိုးစပါးအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

**ကလော ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စု ညောင်ခါးရှည်ကျေးရွာ၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့နံနက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့်တာဝန်ရှိသူများက မိုးစပါးစီမံကိန်းတွင်ပါဝင်သည့် “ဘုရားပျို” စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ဧက ၃၅၀ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးအသင်းမှလိုအပ်သည့် သွင်းအားစုများ ရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ ကလောမြို့နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန်နှင့် လျာထားချက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ မနုဟာဘုရားကြီး အာရုံခံတိုက်မပေါ်ရှိ စေတီတော် ၃၇ ဆူအား ရွှေသက်န်းတော်ကပ်လှူပူဇော်မည်

**ညောင်ဦး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာတွင် အေဒီ(၁၁)ရာစု၊ မနုဟာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် မနုဟာဘုရားကြီး၏ အာရုံခံတိုက်မပေါ်ရှိ စေတီတော် ၃၇ ဆူအား ရွှေသက်န်းတော်များ ပြန်လည်ကပ်လှူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဘုရားကြီးဂေါပကအဖွဲ့ရုံး၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို က မနုဟာဘုရားကြီး ရွှေသက်န်းကပ်လှူနိုင်ရေး အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ရွှေသက်န်းကပ်လှူနိုင်ရေး တင်ပြဆွေးနွေးသည်။

ညောင်ဦးမြို့နယ် မြင်းကပါရပ်ရှိ မနုဟာဘုရားကြီး၏ ပင်မစေတီတော်တစ်ဆူ၊ ဝဲ/ယာ စေတီတော်နှစ်ဆူ၊ အရံစေတီ ၃၄ ဆူ၊ စုစုပေါင်း ၃၇ ဆူတို့အား ထီးတော်များအပါဝင် ရွှေသက်န်းကပ်လှူပူဇော်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပင်မစေတီတော်တစ်ဆူ၊ ဝဲ/ယာ စေတီတော်နှစ်ဆူတို့အား ကြေးပြားသက်န်းကပ်လှူရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၏ ကြီးကြပ်မှုဖြင့် ပြုပြင်ထိန်းသိမ်းလျက်ရှိသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မနုဟာဘုရားကြီး၏ ရွှေမိုက်လေလံ/တင်ဒါနှင့် ရွှေသက်န်းကပ် တင်ဒါလုပ်ငန်းကြီးကြပ်ရေး လုပ်ငန်းကော်မတီဖြင့် တွေ့ဆုံ၍ ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ဘုရားကြီး၏ ပင်မစေတီသုံးဆူအား ကြေးပြားကပ်လှူခြင်းနှင့် ရွှေဆိုင်းဝယ်ယူရေးလုပ်ငန်းများ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်နိုင်ရေးတို့ကို လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခဲ့သည်။




မနုဟာမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော အေဒီ(၁၁)ရာစုနှစ်က တည်ထားကိုးကွယ်ခဲ့သည့် မနုဟာဘုရားကြီး၏ အာရုံခံတိုက်မပေါ်ရှိ စေတီတော် ၃၇ ဆူအား ရွှေသက်န်းတော်များပြန်လည်ကပ်လှူမည်ဖြစ်ရာ မျက်ပါး ရွှေဆိုင်း တစ်ဆိုင်းလျှင် ငွေကျပ် သုံးသိန်းဖြင့် စေတနာရှင်ပြည်သူများ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် မနုဟာဘုရားကြီး ဂေါပကအဖွဲ့ ဖုန်း- ၀၉၄၀၂၇၈၆၉၁၃ သို့ တိုက်ရိုက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဒီပါလင်း**

# MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် Glory Goal အသင်းနှင့် မြဝတီအသင်း သရေကျပြီး တက္ကသိုလ်အသင်း နိုင်ပွဲစတင်ရရှိ

**ရန်ကုန် ဩဂုတ် ၉**

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ပထမနေ့ကို ဩဂုတ် ၉ ရက်က ကျင်းပရာ တက္ကသိုလ်အသင်း နိုင်ပွဲစတင်ရရှိပြီး Glory Goal အသင်းနှင့် မြဝတီအသင်း သရေကျခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Glory Goal အသင်းနှင့် မြဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရထားသည့် မြဝတီအသင်း ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ၁၃ မိနစ်တွင် သီဟဇော်(၁)က မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၄၅ မိနစ်တွင် ဟိန်းထက်အောင်က Glory Goal အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းက ငွေကြယ်ပွင့်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အဖွင့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းနှင့် သရေကျထားသည့် တက္ကသိုလ်အသင်းသည် ငွေကြယ်ပွင့်အသင်းကို ဂိုးပြတ်အနိုင်ယူပြီး နိုင်ပွဲစတင်ရရှိခဲ့သည်။ တက္ကသိုလ်အသင်းအတွက် ဂိုးများကို ၁၀၊ ၆၁၊ ၉၀+၂ မိနစ်တွင် အောင်မြင့်မြတ်က ဟက်ထရစ်သွင်းယူပြီး ကျန်တစ်ဂိုးကို ၇၆ မိနစ်တွင် လှိုင်ဇော်ထက်က သွင်းယူသည်။ ငွေကြယ်ပွင့် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၁၈ မိနစ်တွင် သက်အောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Chinland အသင်း၊ ပဒုမ္မာကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် YB United အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သော်လေး**

✻ *ကျောဖုံးမှ*

ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲငါးပွဲတွင် လေးပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားသည်။ လီဗာပူးအသင်းက ဖလော်ရီယန်ဝစ်၊ ဟူဂိုအီကီတီကဲ၊ ကာရက်ဖ်နဲ့ ဖရင်ပေါင်စသည့် နာမည်ကြီး ကစားသမားတွေကို ခေါ်ယူအားဖြည့်ထားသောကြောင့် နည်းပြအာနေးစလော့သ်၏ နည်းစနစ်အောက်မှာ မည်ကဲ့သို့ ပွဲထွက်လာမည်လဲဆိုသည်ကို စိတ်လှုပ်ရှားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

ပြိုင်ဘက် ခရစ္စတယ်ပဲလေ့စ်အသင်းက သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ကစားမည့် ကွန်မြူနတီဒိုင်းလုပွဲတွင် မှတ်တိုင်သစ် စိုက်ထူသွားနိုင်မည်လား စိတ်ဝင်စားဖွယ်ရာကောင်းသည်။ ခရစ္စတယ်ပဲလေ့စ်အသင်းက အီဇီ၊ ကာမာဒါ၊ မာတီတာတို့ကိုထိန်းထားနိုင်ခဲ့ပြီးအသင်းဖွဲ့စည်းပုံကလည်း တည်ငြိမ်နေဆဲဖြစ်သည်။ ထို့အပြင် အီဇီ၊ မာတီတာတို့ကဲ့သို့ အရည်အသွေးမြင့် တိုက်စစ်ကစားသမားများက ပြိုင်ဘက်များကို အချိန်မရွေး ဒုက္ခပေးနိုင်စွမ်းရှိသည်။

ခရစ္စတယ်ပဲလေ့စ် အသင်းထက် လီဗာပူးအသင်းက တစ်ဦးချင်း စွမ်းဆောင်ရည်ပိုင်းနှင့် အသင်းလိုက် စွမ်းဆောင်ရည်ပိုင်းတို့တွင် အားသာချက်ရှိနေသည်ဟု ဆိုသော်လည်း ခရစ္စတယ်ပဲလေ့စ်အသင်း အနေဖြင့် တန်ပြန်တိုက်စစ်ကို အားပြုလာခဲ့ပါက လီဗာပူးအသင်း အခက်တွေ့နိုင်ပြီး မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်သည်။

**အောင်ဇော်**




❑*ကျောဖုံးမှ*


ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၈-၂၀၂၅ ရက်နေ့မှ ၁၄-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၂၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၇၀၃၅) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၁၇၀၃၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် ကျိုက်စန်းကျေးမှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်း




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၄၉၈၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၄၉၈၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၈ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ဟသ်ာအဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၄၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၄၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ ရေပူစမ်းလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ချင်းရွှေဟော်မှ လားရှိုးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၃၉၉၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၃၉၉၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ရှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၄ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၅၉၉၂၅၅) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စာပေဟောပြော

**ရန်ကုန် ဩဂုတ် ၉**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) နှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်က အင်းစိန် အ.ထ.က(၅) ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးစိန်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားကာ ရန်ကုန်တိုင်း သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၂) စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က လူငယ်များစာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ကျောင်းသူကျောင်းသားများ ဗလငါးတန်ပြည့်စုံရေး၊ နိုင်ငံတော်က အားကိုးရမည့် လူရည်ချွန်သားကောင်းရတနာများ ဖြစ်စေရေးအတွက် စာဖတ်ကြရန် ဆွေးနွေးဟောပြောကာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။



**ဉာဏ်လင်း**

## ဟိုင်းကြီးကျွန်းမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၉**

ဟိုင်းကြီးကျွန်းမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးထူးချွန်ချွန် အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်က အ.ထ.က ဟိုင်းကြီး အခြေခံ ပညာအထက်တန်းကျောင်း မြကျွန်းသာခန်းမ၌ ကျင်းပသည်။

ဦးစွာ အ.ထ.က ဟိုင်းကြီး အခြေခံပညာ အထက်တန်းကျောင်းမှ Grade-8 ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့်သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် အ.ထ.က ဟိုင်းကြီး ကျောင်းအုပ်ဆရာကြီး ဦးဖြိုးရာဇာဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



အ.ထ.က ဟိုင်းကြီး အခြေခံပညာ အထက်တန်းကျောင်းအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၈၁ ဦးအနက် အောင်မြင်သူ ၅၈ ဦး အောင်ချက်ရာခိုင်နှုန်း ၇၂ ရာခိုင်နှုန်းနှင့် လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ခြောက်ဦးရှိကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

YRG အသင်းက Generations အသင်းကို ရှစ်ဂိုးပြတ်၊ FFU မင်းမဟော်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုး၊ Pacific Sun Far အသင်းက ဖူဆယ်ချစ်သူအသင်းကို သုံးဂိုး-တစ်ဂိုး၊ Royal Noka အသင်းက MIU အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး JV အသင်းနှင့် VUC ULAD အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၁၆) အပြီး ထိပ်ဆုံးနှစ်သင်းဖြစ်သည့် Winner Soccer အသင်းနှင့် YCDC MHDT အသင်း ထိပ်တိုက်တွေ့ဆုံခဲ့ပြီး Winner Soccer အသင်း အနိုင်ရခဲ့သဖြင့် ထိပ်ဆုံးတွင် သုံးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့ကာ YRG အသင်း ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

ပွဲစဉ် (၁၇) အပြီးတွင် Winner Soccer အသင်းက ၃၉ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး YRG အသင်းက ၃၆ မှတ်၊ YCDC MHDT အသင်းက ၃၅ မှတ်၊ JV အသင်းက ၂၅ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၂၃ မှတ်နှင့် VUC ULAD အသင်းတို့က ၂၃ မှတ်စီ၊ MIU အသင်းက ၂၁ မှတ်၊ Royal Noka အသင်းက ၁၈ မှတ်၊ Pacific Sun Far အသင်းက ၁၇ မှတ်၊ Generations အသင်းက ၁၄ မှတ်၊ FFU မင်းမဟော်အသင်းက ၁၀ မှတ်ရထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းက အမှတ်လျှော့ခံထားရသဖြင့် -၆ မှတ်ဖြင့် ယှဉ်ပြိုင်နေရသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# သီရိလင်္ကာနိုင်ငံ၌ ပထမခုနစ်လအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ကျော် ရရှိ



**ကိုလံဘို ဩဂုတ် ၉**
သီရိလင်္ကာနိုင်ငံသည် ယခုနှစ် ပထမခုနစ်လအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ရရှိခဲ့ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

သီရိလင်္ကာနိုင်ငံသည် ယင်းကာလအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃ ဘီလီယံရရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ အချက်အလက်များအရ သီရိလင်္ကာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ဇန်နဝါရီလမှ ဇူလိုင်လအထိ ၁၃၆၈၂၈၈ ဦးရှိခဲ့ပြီး ယမန်နှစ်ကထက် ၁၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ထို့ပြင် ပြည်ပရောက် သီရိလင်္ကာလုပ်သားများ၏ လွှဲပို့ငွေမှာလည်း ပထမခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကျော်ရှိပြီး ယမန်နှစ်ကထက် ၁၉ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဗဟိုဘဏ်က ပြောသည်။

ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေနှင့် ပြည်ပရောက်အလုပ်သမားများ၏ လွှဲပို့ငွေမှာ သီရိလင်္ကာနိုင်ငံအတွက် နိုင်ငံခြားငွေ အများဆုံးရရှိသော ထိပ်တန်းအရင်းအမြစ်များဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



## အပိုလို ၁၃ မစ်ရှင်မှ ခေါင်းဆောင် ဂျိမ်းလိုဗယ် ကွယ်လွန်

**နယူးယောက် ဩဂုတ် ၉**
၁၉၇၀ ပြည့်နှစ်အပိုလို ၁၃ မစ်ရှင်မှ ခေါင်းဆောင်ဖြစ်သူ အမေရိကန် အာကာသယာဉ်မှူး ဂျိမ်းလိုဗယ်သည် ဩဂုတ်၇ ရက်က အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်တွင် ကွယ်လွန်ခဲ့သည်ဟုသိရသည်။ ၎င်းကွယ်လွန်ချိန်တွင် အသက် ၉၇ နှစ်ရှိပြီဖြစ်သည်။

၎င်းသည် အောက်ဆီဂျင်သိုလှောင်ကန် ပေါက်ကွဲသွားပြီးနောက် ကမ္ဘာပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ရန် စီမံခဲ့သူလည်းဖြစ်သည်။ လိုဗယ်သည် ၎င်း၏ တစ်သက်တာအတွင်း အာကာသမစ်ရှစ်လေးခုဖြစ်သည့် ဂျီမီနီ ၇၊ ဂျီမီနီ ၁၂၊ အပိုလို ၈ နှင့်အပိုလို ၁၃ တို့တွင်လိုက်ပါခဲ့သည်။

### ပထမဆုံးအကြိမ် လှည့်ပတ်ပျံသန်း

၁၉၆၈ခုနှစ်တွင် လိုဗယ်၊ ဖရန့်ဘော်မန်းနှင့် ဝီလီယံအန်ဒရာစ်တို့ပါဝင်သည့် အပိုလို ၈ သည် ကမ္ဘာပတ်လမ်းမှထွက်ခွာပြီး လကို ပထမဆုံးအကြိမ် လှည့်ပတ်ပျံသန်းခဲ့ကြသည်။ အပိုလို ၁၃ မစ်ရှင်သည် လိုဗယ်ကို ကမ္ဘာအနှံ့ကျော်ကြားသူဖြစ်အောင် လုပ်ဆောင်ခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဧပြီလတွင် လိုဗယ်နှင့်အခြားအာကာသယာဉ်မှူးနှစ်ဦးသည် အပိုလို ၁၃နှင့်အတူ လဆီသို့သွားရာလမ်းကြောင်း၌ ရှိနေစဉ် အာကာသယာဉ်အတွင်းရှိ အောက်ဆီဂျင်သိုလှောင်ကန် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်။ နောက်လေးရက်အတွင်း ကမ္ဘာပေါ်ရှိ အမှုထမ်းများ၏ ညွှန်ကြားချက်များနှင့်အတူ လိုဗယ်နှင့်အခြား အာကာသယာဉ်မှူးနှစ်ဦးတို့သည် ကျဉ်းမြောင်းသည့်လဆင်းယာဉ်ပေါ်သို့ ပြောင်းရွှေ့ခဲ့ကြသည်။

### ကမ္ဘာမြေသို့ ဘေးကင်းစွာဆင်းသက်နိုင်

လဆင်းယာဉ်ကို အသက်ကယ်ယာဉ်အဖြစ်အသုံးပြု၍ လကို လှည့်ပတ်ကာ ကမ္ဘာမြေသို့ဦးတည်၍ ဘေးကင်းစွာဆင်းသက်နိုင်ခဲ့သည်။ ၎င်းကို ၁၉၂၈ ခုနှစ် မတ်လတွင် မွေးဖွားခဲ့ပြီး နာဆာ အာကာသယာဉ်မှူးအဖြစ် ၁၉၆၂ ခုနှစ်တွင် ရွေးချယ်ခံခဲ့ရသည်။

ဆင်ဟွာ

## ကာဇက်စတန်နိုင်ငံ၌ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်မှု စတင်

**စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံမှ ၁၅ ဘီလီယံအထိ လိုအပ်မည်ဖြစ်**

**အယ်မာတီ ဩဂုတ် ၉**
ကာဇက်စတန်နိုင်ငံ၏ ပထမဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို အယ်လ်မာတီဒေသရှိ အူလ်ကန်ကျေးရွာအနီးတွင် တရားဝင်စတင်လိုက်ပြီဖြစ်ကြောင်း ကာဇင်ဖောင်သတင်းဌာန၏ ဩဂုတ် ၈ ရက်က အစီရင်ခံဖော်ပြချက်အရ သိရသည်။

ကာဇက်စတန်နိုင်ငံ အဏုမြူစွမ်းအင်အေဂျင်စီဥက္ကဋ္ဌ အယ်မာဆာဒမ်ဆက် ကာလီယက်ဗ်က အဆိုပါစီမံကိန်းသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံမှ ၁၅ ဘီလီယံအထိ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုဖူလုံရေးဆိုင်ရာ အဆောက်အအုံများနှင့် ခေတ်မီအခြေခံ အဆောက်အအုံများအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံလိုအပ်မည်ဖြစ်ကြောင်း ပြောသည်။



နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းအခမ်းအနားတွင် မြေဆီလွှာနမူနာများ ရယူရန်အတွက် တူးဖော်ခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ထိုကဲ့သို့ တူးဖော်ရရှိသည့် မြေဆီလွှာနမူနာများကို ခွဲခြမ်းစိတ်ဖြာနိုင်ရန် ရုရှားနိုင်ငံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံတည်ဆောက်မှုကို လာမည့် ၂၀၃၅ ခုနှစ်နှင့် ၂၀၃၆ ခုနှစ်အကြား ပြီးစီးမည်ဟု မျှော်မှန်းထားသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်၌ တရားမဝင်မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကဘူးလ် ဩဂုတ် ၉**
မူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လဂ်မန်ပြည်နယ်၌ တရားမဝင် မူးယစ်ဆေးဝါး ၁၈၅ ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၉ ရက်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

နမ်ဂါဟာနှင့်မြို့တော်ကဘူးလ်သို့ ဆက်သွယ်သည့် အဝေးပြေးလမ်းမကြီးတစ်လျှောက် ရဲတပ်ဖွဲ့က စစ်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဘိန်း ၁၅၅ ကီလိုဂရမ်နှင့် ဘိန်းဖြူ ၃၀ ကီလိုဂရမ်တို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဘတ်ခ်ဟ်၊ ဖာရတ်၊ ဟာရတ်၊ ဟာမန်၊ နင်ရော့ဇ်နှင့် ခို့စ်ပြည်နယ်တို့တွင် တရားမဝင်မူးယစ်ဆေးဝါးများ မှောင်ခိုပြုလုပ်ခြင်းနှင့် ဝယ်ယူခြင်းတို့ကို ဆန့်ကျင်တိုက်ဖျက်မှုများ ပြုလုပ်လျက်ရှိရာ ရဲတပ်ဖွဲ့က လူ ၂၂ ဦးကို ထိန်းသိမ်းထားကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။



အာဖဂန် ကြားဖြတ်အစိုးရသည် ဘိန်းစိုက်ပျိုးခင်းများနှင့် ဘိန်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကင်းစင်သည့် နိုင်ငံဖြစ်သည့်တိုင်အောင် တရားမဝင် မူးယစ်ဆေးဝါးနှင့် အဆိုပါလုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများအား နှိမ်နင်းခြင်းကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံ မြို့တော်ဒေလီတွင် လေယာဉ်ခရီးစဉ် ၁၈၀ ကျော် နှောင့်နှေးမှုဖြစ်

**နယူးဒေလီ ဩဂုတ် ၉**
အိန္ဒိယနိုင်ငံမြို့တော်ဒေလီနှင့် ဆင်ခြေဖုံးနေရာများတွင် ဩဂုတ် ၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းများတွင် ရေလျှံမှုဖြစ်ပွားပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေယာဉ်ခရီးစဉ်များလည်း အနှောင့်အယှက်ဖြစ်ပေါ်ကာ ခရီးစဉ်ပေါင်း ၁၈၀ ကျော် အချိန်နှောင့်နှေးခဲ့ရပြီး ခရီးစဉ်လေးခု ဖျက်သိမ်းခဲ့ရသည်။ လမ်းများရေလျှံနေသဖြင့် လမ်းသွားလမ်းလာများ အချိန်အတန်ကြာ နှောင့်နှေးကြန့်ကြာမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ခရီးသည်များကို လေဆိပ်သို့မထွက်ခွာမီ ၎င်းတို့၏ လေယာဉ်ပျံသန်းမှု အခြေအနေများကို စုံစမ်းစစ်ဆေးကြရန် ဒေလီလေဆိပ်နှင့် လေကြောင်းလိုင်းများက တိုက်တွန်းထားသည်။

ဒေလီမြောက်ပိုင်း၊ တောင်ပိုင်း၊ အနောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ မိုးကြိုးမုန်တိုင်းအတွက်လည်း သတိပေးချက် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## ကံမမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြ

**ကံမ ဩဂုတ် ၉**

ကံမမြို့နယ်၌ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မြေဆီလွှာအတွင်း ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့မနည်းပညာ ပြန့်ပွားရေးစင်တာ၌ ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေး ဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၅၁ ဦး တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က ကွင်းသရုပ်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ဆွေးနွေးမှာကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက တောင်သူများ သီးနှံစိုက်ပျိုးရာသီအလိုက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်၊ ပဲတီစိမ်း) များ စိုက်ပျိုး၍ သတ်မှတ်ရက်တွင် မြေဆီလွှာအတွင်း ထည့်သွင်းခြင်းဖြင့် ရရှိမည့်ရေရှည်အကျိုး ဖြစ်ထွန်းမှု၊ အကျိုးကျေးဇူးများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟ ဦးဆောင်သော စိုက်ပျိုးရေးဝန်ထမ်းများက လယ်ထွန်စက်ဖြင့် ပိုက်ဆံလျှော် ၄၅ ရက်သား စိုက်ခင်းကို မြေဆီလွှာအတွင်း ထည့်သွင်း၍ သစ်စိမ်းမြေဩဇာ ပြုလုပ်ခြင်းကို လက်တွေ့ ဆောင်ရွက်ပြသပေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**လင်းခန့်**



## သဲကုန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**သဲကုန်း ဩဂုတ် ၉**

သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်နှင့် မြို့နယ်အတွင်းရှိ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ရည်ရွယ်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးမင်းထွေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန်၊ စာသင်ခန်းများ၊ နေအိမ်များရှိ ရေစည်ရေအိုးများ၊ ရေလှောင်ကန်များ၊ ဘုရားညောင်ရေအိုး၊ တာယာအဟောင်း စသည့်နေရာများတွင် သွေးလွန်တုပ်ကွေးဖြစ်စေနိုင်သည့် ခြင်များ၊ ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် ကြည့်ရှုစစ်ဆေးပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းနှင့် သောက်ရေ၊ သုံးရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများနှင့် ခြင်ဆေးမှုတ်ခြင်း အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အခြေခံသမဝါယမအသင်း သုံးသင်းအား မတည်ထောက်ပံ့

**ကျိုက်ထို ဩဂုတ် ၉**

ကျိုက်ထိုမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခြေခံသမဝါယမအသင်းသုံးသင်းအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး(၁) မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဗိုလ်၊ အတွင်းရေးမှူး(၂) မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးတို့က ထောက်ပံ့ငွေ ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို စုမြတ် လယ်/ထွေ သမဝါယမအသင်း၊ သာယာဦး လယ်/ထွေ သမဝါယမအသင်းနှင့် ပြည့်အားမာန် မွေး/ထွေသမဝါယမ အသင်း သုံးသင်းအား တစ်သင်းလျှင် ငွေကျပ် ၃၁ ဒသမ ၇၆၄ သန်းကို ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပေးအပ်ရာ အသင်းသုံးသင်း၏ ကိုယ်စားလှယ် တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



## ရပ်စောက်မြို့နယ်၌ RBF စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ရပ်စောက် ဩဂုတ် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယမန်နေ့က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စမ်းရေဦးခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် စမ်းရေဦးခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ရွှေပြောင်းအဖွဲ့က ပြောင်းစိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ရွှေဂျင်းစိမ်းအဖွဲ့က ဂျင်းစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ရွှေမြေသီးအဖွဲ့က ခရမ်းချဉ်သီးစိုက်ပျိုးထားရှိမှုနှင့် ဖူးပွင့်ဝေအစုအဖွဲ့က နှင်းဆီပန်းစိုက်ပျိုးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သော်ဇင်ထူး**

## မိုင်းယောင်းမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**မိုင်းယောင်း ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို



ယနေ့နံနက်ပိုင်းက ပါဟုတ်ကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ ဆောင်ရန်ရှောင်ရန်စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့် သက်ဆိုင်ရာဦးစီးဌာန တာဝန်ရှိသူများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သော်ဇင်ထူး**

## အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၉**

ကျောက်ဆည်မြို့နယ်၌ ငါးနှစ်အောက် ကလေးငယ်များနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းများကို အခြေခံပညာကျောင်းများ၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အခြေခံပညာဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ မိခင်နှင့် ကလေးဌာနတို့ ပူးပေါင်းပြီး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့မအခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၈)၊ အမှတ်(၉)၊ အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၁) ဒေါ်ကြည်ကြည်ဆွေနှင့်ဝန်ထမ်းများ၊ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနှင့် ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း အသိပညာပေး ဟောပြောပြီး သွားခံတွင်း သန့်ရှင်းရေးများ စစ်ဆေးခြင်း၊ သန်ချဆေးနှင့် သံဓာတ်အားဆေးများ တိုက်ကျွေးခြင်း၊ ကျောင်းမုန့်ဈေးဆိုင်များအား စစ်ဆေးခြင်း၊ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**သက်မောင်(ကျောက်ဆည်)**

**ကျေးရွာသစ်တောထင်းမျောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့။**

# ကလောမြို့နယ်၌ စီမံကိန်းရန်ပုံငွေများ ပဉ္စမအကြိမ်ထုတ်ချေး

**ကလော ဩဂုတ် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာမိုင်းခမ်းကျေးရွာအုပ်စု ပေါင်ယံတပ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၊ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုများ၊ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန် ရည်ရွယ်၍



ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းငွေများ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးက ပေါင်ယံတပ်ကျေးရွာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီထံသို့ လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၃၃၀ ကိုလည်းကောင်း၊ ပေါင်ယံတပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်း လုပ်ကိုင်မည့်သူ အသင်းသားအသင်းသူ စုစုပေါင်း ၆၂ ဦးအား လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၃၀ ကိုလည်းကောင်း ထုတ်ချေးပေးသည်။ **စိန်လွင် (ကျေးလက်)**

# မြန်အောင်ခရိုင်၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်

**မြန်အောင် ဩဂုတ် ၉**

မြန်အောင်ခရိုင် ရေပြင်ရှာဖွေကယ်ဆယ်ရေး သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်မှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့ အမှတ်(၁) ရပ်ကွက် မကျီးစုရေကာတာရှေ့ ဧရာဝတီမြစ်အတွင်း၌ ပြုလုပ်သည်။

ဦးစွာ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အမှာစကားပြောကြားသည်။

သရုပ်ပြခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဆောင်ရွက်ကြရာ ဧရာဝတီမြစ်အတွင်း စက်လှေမှောက်မှုဖြစ်စဉ်တွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှုသရုပ်ပြခြင်း၊ ဦးခေါင်းနှင့် ခြေထောက် ဒဏ်ရာရရှိ၍ ရေနစ်နေသူအား ရှာဖွေကယ်ဆယ် သရုပ်ပြခြင်းနှင့် ရေသန့်ဘူးကို အသုံးပြုပြီး ရေဘေးအန္တရာယ်ကာကွယ်မှု သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**

# မိုင်းရှူးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်စကားဝိုင်း ဆွေးနွေး

**မိုင်းရှူး ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အပြည်ပြည်ဆိုင်ရာ



လူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်း ဆွေးနွေးပွဲနှင့်စာအုပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်လေးလေးယုက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် Grade-11 မှ မောင်ရဲရင့်ရှိန်က လူငယ်နှင့်စည်းကမ်း၊ Grade-11 မှ မအင်ကြင်းဇော်က လူငယ်နှင့်ပညာရေး၊ Grade -11 မှ မောင်ကျဟောရေက လူငယ်နှင့်စာရိတ္တ၊ Grade - 11 မှ မယွန်းမြင့်ဝတီအောင်က လူငယ်နှင့်ဘာသာရေး၊ Grade - 10 မှ မောင်ဉာဏ်သူရဇင်က လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

**သန်းလူ(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်

**စဉ့်ကိုင် ဩဂုတ် ၉**

စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်းများအား ဩဂုတ် ၈ ရက်က မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းများမှာ ကင်းလပ်-မြောက်တောကြီး-တအုံကျေးရွာချင်းချိတ်ဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ညောင်ပင်ကြီး-ထန်းသုံးပင် - ကင်းလပ်ကျေးရွာချင်း ချိတ်ဆက်လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများဖြစ်သည်။ **ကျော်စွာ(စဉ့်ကိုင်)**

# တပ်ကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

**တပ်ကုန်း ဩဂုတ် ၉**

နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များပူးပေါင်းပြီး မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပလျက်ရှိရာ စာရေးဆရာ လူထုစိန်ဝင်း ရေးသားထားသည့် "အတွေးအမြင် ဆောင်းပါးများ" စာအုပ်ကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ထိုစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) ဥက္ကဋ္ဌ ဦးထွန်းကြည် (မောင်ကြည်မူ -ပျဉ်းမနား)၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းဝင်းမြင့် (မြကျောက် အေးချမ်း)၊ ဒေါ်သင်းသင်းလှိုင် (သင်းသင်းလှိုင် - တပ်ကုန်း) တို့က စာပေဝါသနာပါသူများနှင့်အတူ စာရေးဆရာ လူထုစိန်ဝင်း ရေးသားထားသည့်စာအုပ်တွင် ပါရှိသော ဘဝအဓိပ္ပာယ်၊ ဘာအမွေပေးခဲ့ကြမှာလဲ၊ လူငယ်တွေအတွက် လူကြီးများရဲ့ တာဝန်၊ ရလဒ်အဓိကလား၊ အလုပ်အဓိကလား စသည့်ခေါင်းစဉ်များ အပြန်အလှန်ဆွေးနွေးခဲ့သည်။

**တင်စိုးလွင်**



# လက်ပံတန်းမြို့နယ်၌ ကျေးရွာ နှစ်ရွာကို အကျိုးပြုမည့် ကွန်ကရစ်လမ်းခင်း

**လက်ပံတန်း ဩဂုတ် ၉**

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခမုံရွာမကျေးရွာ၊ ခမုံတာတောင်စုကျေးရွာများ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခမုံရွာမကျေးရွာ၊ ခမုံတာတောင်စုကျေးရွာ၌ ရွာတွင်းလမ်း အရှည် ပေ ၁၁၀၀၊ အကျယ် ၃ ပေ၊ ဒု ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ခမုံရွာမ ကျေးရွာ၊ ခမုံတာတောင်စုကျေးရွာများကို အကျိုးပြုသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၄ ဒသမ ၂၃၇ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဇူလိုင်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ပိုးသခင်**



# အင်တောမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြ

**အင်တော ဩဂုတ် ၉**

တောင်ကြီးခရိုင် အင်တောမြို့အတွင်းရှိ အထွေထွေရွေးကောက်ပွဲတွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယမန်နေ့က အင်တောမြို့ အခြေခံပညာအထက်တန်းကျောင်းရှိတကောင်းခန်းမ၌ ပြုလုပ်သည်။

ရပ်စောက်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ) ဦးစီးအရာရှိ ဦးနိုင်းအွမ်နှင့် ဝန်ထမ်းများက ဆရာ ဆရာမများအား မဲပေးစက်များစစ်ဆေးခြင်း၊ ရွေးကောက်ပွဲရက် မတိုင်ခင် မဲရုံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မဲရုံဖွင့်ချိန်၊ မဲပေးချိန်နှင့် မဲရုံပိတ်ချိန်၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် (MEVM) ကိုင်တွယ်အသုံးပြုနည်း၊ အီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ မဲရုံတွင် မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း၊ ရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ မဲပေးချိန်တွင် မဲပေးစက်များကိုင်တွယ်ခြင်း၊ လက်တွေ့သရုပ်ပြခြင်းများ၊ အရန်စက်လဲလှယ်ရန် အခြေအနေများ၊ မဲရေတွက်ခြင်း၊ မဲပေးနေစဉ်အတွင်း အရေးပေါ်ကိစ္စရပ်များဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဆန္ဒမဲဖြတ်ပိုင်းများရေတွက်ရမည့် အခြေအနေ စသည့်အကြောင်းအရာများကို လက်တွေ့ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဆရာ ဆရာမများက လက်တွေ့မဲပေးစမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **အင်တော(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှတ်အများဆုံးရရှိသူအဖြစ် မြို့နယ်ဂုဏ်ဆောင် ကျောင်းသားတစ်ဦး ပထမဦးဆုံး ထွက်ပေါ်

*သတင်းအင်တာဗျူး - မောင်မောင်(မင်းဘူး)*

**မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် စကုမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှတ်အများဆုံးရရှိသူအဖြစ် မြို့နယ်၏ဂုဏ်ကို ဆောင်နိုင်ခဲ့သည့် ကျောင်းသားတစ်ဦး ပထမဦးဆုံး ထွက်ပေါ်ခဲ့သည်။**

အလားတူ မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှလည်း ခြောက်ဘာသာဂုဏ်ထူးဖြင့် မြို့ဂုဏ်ဆောင် ကျောင်းသူတစ်ဦး ထွက်ပေါ်ခဲ့ရာ မင်းဘူး(စကု)မြို့နယ်အနေဖြင့် ဘာသာစုံဂုဏ်ထူးရရှိသူ ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦး စုစုပေါင်း နှစ်ဦးရှိကြောင်း သိရသည်။

ထူးချွန်စွာ အောင်မြင်ခဲ့သူ နှစ်ဦးအား သွားရောက်တွေ့ဆုံမေးမြန်းတင်ပြလိုက်ရပါသည် -

**မောင်ဂျူးသက်ကို**

**{တစ်နိုင်ငံလုံးအမှတ်အများဆုံး (သိပ္ပံတွဲ)ဖြင့် Top-1 ပထမဆုရှင်}**

**မေး -** မွေးဖွားရာ ဇာတိ၊ မိဘအမည်၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ ယူထားခဲ့တဲ့ ဘာသာတွဲ၊ ဂုဏ်ထူးရဘာသာနဲ့ ရရှိတဲ့ အမှတ်ပေါင်းတွေကို ဖြေကြားပေးပါဦး။

**ဖြေ -** မွေးဖွားရာဒေသက မင်းဘူးမြို့မှာဖြစ်ပြီး ကြီးပြင်းတာကတော့ မကွေးခရိုင် နတ်မောက်မြို့နယ်န/သမှုန်းကုန်းကြီးကျေးရွာ ဖြစ်ပါတယ်။ မိဘတွေရဲ့ အမည်ကတော့ ဦးစိုးယုဦးနဲ့ ဒေါ်နုဝါတို့ ဖြစ်ပါတယ်။ ကျွန်တော်ယူတဲ့ဘာသာတွဲကတော့သိပ္ပံဘာသာတွဲ ဖြစ်ပါတယ်။ ဂုဏ်ထူးရတာကတော့ ဘာသာစုံ ခြောက်ဘာသာဖြစ်ပြီး ရမှတ်စုစုပေါင်းကတော့ ၅၄၇ မှတ် ဖြစ်ပါတယ်။

**မေး -** စာကိုဘယ်လိုပုံစံမျိုးနဲ့ကျက်မှတ်လေ့လာခဲ့ပါသလဲ။

**ဖြေ -** စာကြည့်တဲ့အခါမှာ အပြည့်အဝစာကို အာရုံစူးစိုက်ပြီးတော့ ကြည့်ဖြစ်ပါတယ်။ အခြားဘယ်ကိုမှ အာရုံမလွင့်စေဘဲ စာကိုပဲ အဓိကထားကြည့်ဖြစ်ပါတယ်။ ကျောင်းမှာ စာသင်တဲ့ အခါမှာလည်း ဆရာ ဆရာမပြောတဲ့ အရာတွေ၊ မှတ်သားခိုင်းတဲ့အရာတွေကို သေချာလိုက်နာ လေ့လာမှတ်သား ခဲ့ပါတယ်။ စာသင်ချိန်မှာ သေချာအာရုံစူးစိုက်ခဲ့တာမို့ စာပြန်ကျက်မှတ်တဲ့အခါ အများကြီး သက်သာပါတယ်။

**မေး -** အခုလို မြန်မာတစ်နိုင်ငံလုံးမှာ Top-1 ပထမရရှိတဲ့အတွက် ရင်ထဲက ဝမ်းသာပီတိစကား ပြောကြားပေးပါဦး။

**ဖြေ -** အခုလိုမျိုး တစ်နိုင်ငံလုံး အမှတ်အများဆုံးနဲ့ အောင်မြင်ခဲ့တဲ့အတွက်ကြောင့်မို့ အတိုင်းမသိ ဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ ဒီနေရာမှာ ကျွန်တော့်အတွက်ဆိုတာထက် ကျွန်တော့်ရဲ့ မိဘတွေ၊ ကျွန်တော့်ရဲ့ ဆရာ ဆရာမတွေ ပြီးတော့ ကျွန်တော့်ရဲ့ ကျောင်း၊ ကျွန်တော့်ရဲ့မြို့နဲ့ တိုင်းဒေသကြီးအတွက် ဂုဏ်ယူစေနိုင်ခဲ့တဲ့အတွက်ကြောင့်ပြောမပြတတ်အောင် ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။

**မေး -** ဆက်လက်ပြီး ဘဝရည်မှန်းချက်နဲ့ ဘယ်တက္ကသိုလ်ကို ရွေးချယ်တက်ရောက်မှာလဲ။

**ဖြေ -** ကျွန်တော် ဆေးတက္ကသိုလ်တက်မှာ ဖြစ်ပါတယ်။ ငယ်ငယ်လေးကတည်းက ကလေးအထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်ချင်ခဲ့ပါတယ်။ ကိုယ်တိုင်လည်း ငယ်ငယ်က ကျန်းမာရေး ချူချာခဲ့တဲ့အတွက်ကြောင့် နေမကောင်းနေတဲ့ ကလေးတွေ တွေ့ရင် ကူညီပေးချင်ပါတယ်။ စောင့်ရှောက်ပေးချင်တယ်။ ဒါကြောင့် အနာဂတ်မှာ ကလေးအထူးကုဆရာဝန်ကြီး တစ်ဦးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်။

**မေး -** အခုနှစ်မှာ စာမေးပွဲဖြေကြမယ့် ညီငယ်၊ ညီမငယ်များကို ဘယ်လိုမျိုး စကားလက်ဆောင်ပါးချင်ပါသလဲ။

**ဖြေ -** Grade-12 ဆိုတာ ဘဝရဲ့ အဆုံးအဖြတ်တော့ မဟုတ်ပေမယ့် ဘဝရဲ့ အလှည့်အပြောင်း အချိုးအကွေ့တစ်ခုပဲဖြစ်ပါတယ်။ ဒီနေရာမှာ အောင်မြင်မှုဆိုတာ လွယ်လွယ်နဲ့တော့ ရလာမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ အခက်အခဲ၊ အတားအဆီးတွေကို အကောင်းဆုံး ရင်ဆိုင်ကျော်ဖြတ်သွားကြဖို့ မှာကြားချင်ပါတယ်။

**မေး -** ငယ်စဉ်က ရရှိခဲ့တဲ့ ဆုတွေနဲ့ ပတ်သက်လို့ အမှတ်တရရှိတာလေးတွေ ပြောပြပေးပါဦး။

**ဖြေ -** သူငယ်တန်းကနေ Grade-12 အထိ အတန်းစဉ်တိုင်း ပထမဆုတွေ ရရှိခဲ့ပါတယ်။ ပြီးတော့အလယ်တန်းအဆင့် ပညာသင်ဆုနဲ့ မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန်ဆုတွေလည်း ရရှိခဲ့ပါတယ်။ နောက်ပြီး အထက်တန်းအဆင့် Grade -10 ကနေ Grade-12 အထိ လူရည်ချွန်သုံးထပ်ကွမ်းလည်း ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်၊ Grade-10 တက်ရောက်နေစဉ် နှစ်မှာလည်း ဂျပန်နိုင်ငံက ကျင်းပပြုလုပ်တဲ့ Sakura Science High School Program (SSHP)အဖွဲ့ဝင် တစ်ယောက်အနေနဲ့ တက်ရောက်ဖြစ်ခဲ့ပါတယ်ဗျ။

Grade-12 ဆိုတာ စနစ်သစ်လည်း ဖြစ်တယ်။ နောက်ပြီးတော့ စာလည်း အတော်များတာ ဖြစ်တဲ့အတွက်ကြောင့် အခက်အခဲတွေ အများကြီးကြုံတွေ့ခဲ့ရတယ်။ ငယ်ငယ်ကတည်းက ကျန်းမာရေး ချူချာခဲ့ပါတယ်။ သူငယ်တန်းနဲ့ ပထမတန်းတုန်းက ဆိုရင် အမြဲတမ်းဖျားနေလို့ ကျောင်း မသွားနိုင်ဘဲ အိမ်မှာ အမေနဲ့ပဲ စာသင်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ပညာသင်နှစ် Grade-12 တုန်းကလည်း အစာအိမ်ပြဿနာဖြစ်လို့ ကျောင်းနှစ်ပတ်လောက်နားခဲ့ရပါတယ်။ ဒါပေမယ့် ဆရာ ဆရာမတွေ၊ မိဘတွေနဲ့ သူငယ်ချင်းတွေရဲ့ အားပေးကူညီမှုတွေကြောင့် ပြန်ပြီးတော့ အကောင်းဆုံး ကြိုးစားနိုင်ခဲ့ပါတယ်။

**မဟန်နှယ်မိုးဇင်**

**{ခြောက်ဘာသာဂုဏ်ထူးရှင် (မင်းဘူးမြို့၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း}**

**မေး -** မွေးဖွားရာဇာတိ၊ မိဘအမည်၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ယူထားခဲ့တဲ့ ဘာသာတွဲ၊ ဂုဏ်ထူးရဘာသာနဲ့ ရရှိတဲ့ အမှတ်ပေါင်းတွေကို ဖြေကြားပေးပါဦး။

**ဖြေ -** သမီးက မင်းဘူးမြို့ ဇာတိဖြစ်ပြီးတော့ မင်းဘူးမြို့ အမှတ်(၁) သနပ်ခါးတောရပ်ကွက်မှာ နေပါတယ်။ သမီးရဲ့ မိဘတွေကတော့ ဦးအောင်ကျော်မိုးနဲ့ ဒေါ်တင်အေးခိုင် ဖြစ်ပါတယ်။ သမီးယူတဲ့ ဘာသာတွဲက သိပ္ပံဘာသာတွဲ ဖြစ်ပြီး မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပနဲ့ ဇီဝဗေဒဘာသာရပ် ခြောက်ခုဖြစ်ပါတယ်။ ခုံနံပါတ်က (ဖမဘ - ၁၅၂) ဖြစ်ပြီး ရမှတ်စုစုပေါင်းကတော့ ၄၉၅ မှတ် ဖြစ်ပါတယ်။

**မေး -** ကျောင်းကနေ ဘယ်လိုလေ့ကျင့်သင်ကြားပေးခဲ့လဲ။

**ဖြေ -** အထက(၂)က ဆရာ ဆရာမတစ်ယောက်ချင်းစီ တိုင်းက ကျောင်းစာသင်ချိန်တွေအပြင် ညနေပိုင်းနဲ့ နံနက်စောစောပိုင်းတွေမှာ အချိန်ပိုတစ်နာရီခန့်နဲ့ အပတ်စဉ် စနေ နေ့တွေမှာ အချိန်ပိုတွေ ခေါ်ယူပြီးတော့ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ နောက်ပြီး သမီးတို့ လေ့ကျင့်ခန်းစာအုပ်တွေကိုလည်း အမြဲစစ်ဆေးပေးတဲ့အပြင် စာတွေကို အမှတ်ပေးစည်းမျဉ်းတွေနဲ့ အညီဖြစ်အောင် သေသေချာချာ လေ့ကျင့်သင်ကြားပေးပါတယ်။ စာမေးပွဲဖြေဆိုခါနီးမှာလည်း သင်ကြားပြသထားပြီး သမ္ဗျ ပြဋ္ဌာန်းစာအုပ်တွေကို အကုန်လုံး ပြန်လည်လေ့ကျင့်ပြင်ဆင်တာတွေကို လုပ်ဆောင်ပေးတာမို့လို့ စာမေးပွဲဖြေဆိုတဲ့အခါမှာ အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့ပါတယ် ။

**မေး -** စာကိုဘယ်လိုပုံစံမျိုးနဲ့ ကျက်မှတ်လေ့လာခဲ့ပါသလဲ။

**ဖြေ -** အိမ်မှာ စာကိုအချိန်ဇယားဆွဲပြီး လေ့ကျင့်ဖြစ်ပါတယ်။ စာကျက်ရတာ ပျင်းလာတဲ့ အခါမျိုးမှာဆိုရင် လမ်းလျှောက်၊ အပန်းဖြေလုပ်တာပဲ ဖြစ်ဖြစ် ဆောင်ရွက်ပြီးမှ အချိန်ဇယားအတိုင်း စာပြန်ကျက်တာတွေကို လုပ်ဆောင်ပါတယ်။

**မေး -** အခုလို ဘာသာစုံဂုဏ်ထူးရရှိခဲ့တဲ့အပေါ်မှာ ရင်ထဲက ဝမ်းသာပီတိစကားလည်း ပြောပေးပါဦး။

**ဖြေ -** ဘာသာစုံဂုဏ်ထူး ရရှိခဲ့တဲ့အတွက် ရင်ထဲက အတိုင်းမသိဝမ်းသာပါတယ်။ မင်းဘူး(စကု)မြို့နယ်မှာ တစ်မြို့နယ်လုံးမှာမှ နှစ်ယောက်ပဲAll D ရခဲ့တာ။ တစ်ယောက်က စကုမြို့ကနေ The Whole Burma First Winner ပထမဆုကိုရတယ်။ တစ်ယောက်က မင်းဘူးမြို့မှာ ဘာသာစုံဂုဏ်ထူးရရှိခဲ့တော့ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒါကြောင့်မို့ သမီးက ဒီကျောင်းမှာ ငယ်ငယ်လေးကတည်းက တက်ရောက်ဖြစ်ခဲ့တဲ့ ကျောင်းဖြစ်လို့ ကိုယ့်ကျောင်းဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက်လည်း ဝမ်းသာရသလို သမီးကို ငယ်ငယ်လေးကတည်းက ပညာသင်ကြားပေးခဲ့ကြတဲ့ ဆရာ ဆရာမတစ်ယောက်ချင်းစီရဲ့ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက်ကြောင့် အလွန်ပဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ အဓိက ကျေးဇူးတင်ရမှာကတော့ မိဘနှစ်ပါးပါ။ မိဘရဲ့ အနီးကပ်ပံ့ပိုးမှုကြောင့်သာ အခုလို ထူးချွန်တဲ့သူတစ်ယောက် ဖြစ်လာခဲ့တာမို့ အထူးပဲကျေးဇူးတင်မိသလို မိဘ၊ ကျောင်းနဲ့ မြို့ဂုဏ်ကို ဆောင်နိုင်ခဲ့တာကြောင့် လှိုက်လှိုက်လှဲလှဲကို ဝမ်းသာပီတိဖြစ်မိပါတယ်။

**မေး -** ဆက်လက်ပြီး ဘဝရည်မှန်းချက်နဲ့ ဘယ်တက္ကသိုလ်ကို ရွေးချယ်တက်ရောက်မှာလဲ။

**ဖြေ -** ဆေးတက္ကသိုလ်ကိုတက်ရောက်ဖို့ စိတ်ကူးထားပါတယ်။ သမီးရဲ့ ဝါသနာကလည်း ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ရည်မှန်းထားတာဖြစ်ပြီးတော့ မိဘနှစ်ပါးကလည်း တစ်ဦးတည်းသော သမီးလေးဖြစ်တာကြောင့် ဆရာဝန်တစ်ယောက် ဖြစ်စေချင်ပါတယ်။ ဒါကြောင့်မို့ ကောင်းမွန်တဲ့ ဆရာဝန်ကောင်းတစ်ယောက် ဖြစ်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။

**မေး -** မိဘတွေရဲ့ ပံ့ပိုးဖြည့်ဆည်းပေးမှုကိုလည်း ပြောပြပေးပါဦး။

**ဖြေ -** မိဘတွေက အားလုံး ပံ့ပိုးပေးပါတယ်။ ဘာလိုအပ်သလဲ၊ ဘာဖြစ်ချင်သလဲ အစစအရာရာ ပံ့ပိုးကူညီပေးပါတယ်။ နောက်ပြီး သင်ကြားရေးအပိုင်းမှာ ဘယ်ဘာသာရပ်တွေ အားနည်းနေသလဲဆိုပြီး တစ်ခုချင်းစီကအစ ပံ့ပိုးကူညီပေးခဲ့တဲ့အတွက်ကြောင့် အခုလို အောင်မြင်ထူးချွန်ခဲ့တာပါ။



မောင်ဂျူးသက်ကို



မဟန်နှယ်မိုးဇင်

## မိုးနဲမြို့နယ်၌ လူငယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်/နံရံကပ်စာစောင်ပြပွဲကျင်းပ

မိုးနဲ ဩဂုတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ်အကြိုအဖြစ် ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို လွိုင်မြေရပ်ကွက် ဝိဇာရိယဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဩဂုတ် ၇ ရက်က ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်လာပုံနှင့် အထိမ်းအမှတ်နေ့ကျင်းပခဲ့ပုံများ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ/ရသစာအုပ်စာစောင်များ၊ လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ် (၆၂၆)၊ ဘုရားသုံးဆူကွင်း၊ ဦးပိုင်အမှတ် (၁/၃) + (၁/၄)၊ ဧရိယာ (၀.၃၂)ဧကရှိ မြေကွက်အား အမွေဆက်ခံခြင်းနည်းအားဖြင့် ပိုင်ဆိုင်လာကြသော ဒေါ်မြသီ၊ ၇/ပခန(နိုင်)၁၃၂၆၃၂၊ ဒေါ်စန်းကြည် ၇/ပခန(နိုင်)၁၀၃၄၈၅၊ ဒေါ်ဝင်းကြည် ၇/ပခန(နိုင်)၁၃၂၉၁၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် မြေကွက်၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဟိန်းပြည့်စုံအောင် LL.B တရားလွှတ်တော်ရှေ့နေ (၁၄၀၅၅/၁၇)**
**အမှတ်(၁၉၆)ခေမာလမ်း၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၂၅၀၃၉၁၅၀၀**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့နယ် ၊ နဝဒေးလမ်း၊ ခြံအမှတ် (၁၉ဘီ) ၊ ၉လွှာ၊ အခန်း (၁၇)နေ ဦးနေအောင်ဝင်း ၁၂/ဒဂန(နိုင်)၀၃၅၃၆၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးနေအောင်ဝင်း ၁၂/ဒဂန(နိုင်)၀၃၅၃၆၈ နှင့် ဒေါ်မေသစ္စာ ၁၂/မရက(နိုင်)၁၇၁၁၃၆ တို့သည် (၄-၈-၂၀၂၅) ရက်တွင် ဗိုလ်တထောင်ခရိုင်တရားရုံး၌ မိမိတို့၏လွတ်လပ်သော သဘောဆန္ဒဖြင့် အသိသက်သေလူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးနေအောင်ဝင်းနှင့် ဒေါ်မေသစ္စာတို့သည်တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေးမည်သို့မျှ စပ်ဆိုင်ပတ်သက်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမြတ်မွန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၄၂)**
**အမှတ်(၁အေ)၊ စမ်းသီတာလမ်း၊ ဝေဘာဂီ (၅)ရပ်ကွက်**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၅၃၁၈၁၅၇**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၂
### ကွယ်လွန်သူ ဦးကျော်ဝင်း၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ကန်ရိုးကျေးရွာ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်ဝင်း၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၇၀-C/ဂျိုကုန်း)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ (၂ ဒသမ ၆၂) ဧကရှိ လယ်မြေနှင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၇၀-C/ ဂျိုကုန်း)၊ ဦးပိုင်အမှတ်(၃၄/၂)၊ ဧရိယာ(၁.၄၇) ဧကရှိ လယ်မြေ အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်နုက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀ ၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်ဝင်း ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်နု၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ဦးပိုင်အမှတ် (၈-၅/ ၃၆ ) ၌ ဖွင့်လှစ်တည်ထောင်ထားသည့် ( 999 ALUMINIUM COMPANY LIMITED) အလူမီနီယံဖြန့်ချိရေးလုပ်ငန်း၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

( 999 ALUMINIUM COMPANY LIMITED ) အလူမီနီယံဖြန့်ချိရေးလုပ်ငန်းအား ဒေါ်မြင့်မြင့်ဌေးမှ နိုင်ငံတော်သို့ တရားဝင်အခွန်ခပေးသွင်း၍ တည်ထောင်ထားသောလုပ်ငန်းဖြစ်ကြောင်း သိရပါသည်။

( 999 ALUMINIUM COMPANY LIMITED ) အလူမီနီယံဖြန့်ချိရေးလုပ်ငန်းအပေါ် ပုဂ္ဂိုလ်ရေး ၊ စီးပွားရေး ၊ မကျေနပ်သူများက ဥပဒေနှင့်မညီသည့်လုပ်ငန်းများကို လုပ်ကိုင်နေသည်ဟု မမှန်သတင်းဖြန့်ဝေပြောကြားခြင်းများကို ပြုလုပ်လျက်ရှိကြောင်း ပြောပြသိရပါသည်။

( 999 ALUMINIUM COMPANY LIMITED ) အလူမီနီယံဖြန့်ချိရေးလုပ်ငန်းနှင့်ပတ်သက်၍ Social Media အပေါ်တွင် ကုမ္ပဏီ၏နာမည်ဂုဏ်သတင်းကျဆင်းစေရန် မဟုတ်မမှန် သတင်းဖြန့်ဝေရေးသားခြင်း၊ အကျိုးစီးပွားအား ပျက်စီးနစ်နာစေရန်အကြံဖြင့်ကြံရွယ်ခြင်း၊ ကုမ္ပဏီ၏ဝန်ထမ်းများအား ဖြားယောင်းသွေးဆောင် ခြိမ်းခြောက်ခြင်းနှင့် ပစ္စည်းတစ်ခုခုကို ဖျက်ဆီးလျှင် (သို့တည်းမဟုတ်) ပစ္စည်း၏တန်ဖိုးဖြစ်စေ၊ အသုံးဝင်မှုဖြစ်စေ ပျက်စီးအောင် (သို့တည်းမဟုတ်) ယုတ်လျော့အောင် အကျိုးဖျက်စီးမှုများ နှောင့်ယှက်ခြင်းနှင့် ကြံစည်ပြုလုပ်ခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်သူများအား တည်ဆဲဥပဒေနှင့်အညီတရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**( 999 ALUMINIUM COMPANY LIMITED )၏ လွှဲအပ်ချက်အရ -**
**ဦးဝေယံဦး (LL.B )**
**စဉ်-၅၁၇၆၅ (အထက်တန်းရှေ့နေ)**
**အကွက်(၂၅၉)၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉ - ၉၇၉၇၂၈၈၉၀**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ ယမုံနာ(၂) ရပ်ကွက်၊ စာတိုက် (၂) လမ်း၊ အမှတ် (၂၀) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း(၁၂ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို(၁၆-၁၂-၂၀၂၂)ရက်စွဲပါ မြေပိုင်ရှင် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစာချုပ်အရ ကန်ထရိုက်တာအနေဖြင့် အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာရောင်းချ ပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ BEST မဟာမြေဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးလှစိန်(ခ)အဒူရော်မာန် (၁၂/တမန (နိုင်)၀၉၉၁၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန္ဒာဝင်းထက် (၉/မခန(နိုင်)၁၉၅၅၇၉)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း (LL.B) (စဉ်-၂၇၀၇၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၆၀၁/ခ)၊ (၂၀x၆၀)ပေ(၀. ၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးသန့်စင်(၅/မရန (နိုင်)၀၄၅၀၆၂)အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးသန့်စင်က မိမိအမည်ပေါက်ပိုင်ဆိုင်သော အထက်ပါအိမ်မြေနှင့်ပတ်သက်ပြီး သားကြီးဖြစ်သူ ဦးချမ်းငြိမ်းသန့်စင်(၁၂/စခန(နိုင်)၀၇၁၂၆၈)အား "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်ချုပ်ဆို၍ အပြီးအပိုင်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဦးသန့်စင်က သားဖြစ်သူ ဦးချမ်းငြိမ်းသန့်စင်အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကို ဇနီးဖြစ်သူ ဒေါ်စောမြင့်ကြီး(၁၂/လမတ(နိုင်)၀၀၆၈၅၃)နှင့် သားငယ်ဖြစ်သူ ဦးနန္ဒသန့်စင်(၁၂/စခန(နိုင်)၀၇၁၂၆၉)တို့မှ ကန့်ကွက်ရန်မရှိ သဘောတူပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဦးသန့်စင်တွင် အထက်ပါ သား(၂)ဦးနှင့် ဇနီးမှလွဲ၍ အခြားသော အမွေဆိုင်များမရှိကြောင်းနှင့် အခြားသောကိတ္တိမသားသမီးများလည်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသန့်စင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B** — **ဦးဇော်မိုးလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁၊**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်/အမည်-၃/ပန်းထိမ်တန်း၊ ဦးပိုင်အမှတ်- ၅၅/၅၆၊ မြေကွက်အမှတ်- (၁၁၀၊ ၁၁၀/၁၇၅)၊ အိမ်အမှတ်(မမ-၃၆၃)၊ အရှေ့လားသော်- ဦးထင်ကျော် ပိုင်းမြေ၊ အနောက်လားသော်- မြေကွက်အမှတ်(၁၀၉)၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-လမ်း၊ ၎င်းအလား(၄)ရပ်အတွင်းရှိ ဧရိယာ ၀.၀၄၂ ဧကရှိ ဦးမူတူး အမည်ပေါက် ဂရန်မြေနှင့် အဆောက်အအုံအပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ယခုလက်ရှိ လက်ရောက်နေထိုင်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးမြင့်ဌေး ၉/မထလ(နိုင်)၀၂၁၃၀၅၊ ဦးလှမောင် ၉/မထလ(နိုင်)၀၂၁၉၉၄၊ ဒေါ်ဇင်သီတာမြင့် ၉/မထလ(နိုင်) ၁၃၇၇၉၀ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ထင် ၅/ရဥန(နိုင်)၀၆၉၂၅၂နှင့် (ဇနီး)ဒေါ်မျိုးပပအောင် ၅/ရဥန(နိုင်)၀၆၅၃၇၆ တို့မှ (၄-၈-၂၀၂၅)ရက်တွင် နေအိမ်ဝိုင်းမြေတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါနေအိမ်ဝိုင်းမြေကွက်နှင့် ပတ်သက်၍ ဆိုင်ရေး/ဆိုင်ခွင့်၊ ပိုင်ရေး/ပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက နေအိမ်ဝိုင်း မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်ထင်** | **ဦးဇော်အောင်လွင် LLB** |
| **၅/ရဥန(နိုင်)၀၆၉၂၅၂** | **တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၇၆၆(၂၁-၁၂-၂၀၂၀)** |
| **ဒေါ်မျိုးပပအောင်** | **မဟာစ-၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊** |
| **၅/ရဥန(နိုင်)၀၆၅၃၇၆** | **မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့၊** |
| | **ဖုန်း-၀၉-၄၄၂၂၀၀၃၅၃** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ယခင်) ရတနာပုံ၊ (ယခု) (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၈)၊ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာ (၀ ဒသမ ၀၆၂၀)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဗိုလ်မှူးခင်မောင်ဝင်း(ကြည်း- ၁၆၈၃၂) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ပါ ဂရန်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးမျိုးမြင့် (MDYSW-၀၂၆၀၂၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မြင့် (ဘ) ဦးလောက်ဆန ၁၃/လရန (နိုင်)၂၆၄၁၁၃ က ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်နေထိုင်လျက်ရှိပါသည်။ ယင်းဂရန်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အမည်ပြောင်းလဲရန်အတွက် ကတိပဋိညာဉ်စာချုပ်အတိုင်း တရားစွဲဆိုဆောင်ရွက်ပြီး သက်ဆိုင်ရာရုံးဌာနများတွင် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ဂရန်အမည်ပေါက်သူ ဗိုလ်မှူးခင်မောင်ဝင်းမှသော်လည်းကောင်း၊ ၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူသော်လည်းကောင်း၊ ၎င်း၏ တရားဝင်အမွေဆက်ခံသူများမှသော်လည်းကောင်း လာရောက်၍ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်နှင့် တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ယင်းကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးကျော်မြင့်** | **ဦးသက်ထွန်းဦး (LL.B)** |
| **၁၃/လရန(နိုင်) ၂၆၄၁၁၃** | **အထက်တန်းရှေ့နေ(စဉ် - ၃၈၃၂၈)** |
| | **ဖုန်း-၀၉-၇၉၇၂၅၃၁၄၅** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၉၅၃)ဟုခေါ်တွင်သော မြေအလျား x အနံ(၄၀ x ၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန္ဒာ(၁၂/သကတ(နိုင်)၀၄၇၅၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီဦး(၅/ကဘလ(နိုင်)၁၀၈၅၃၆) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LLB)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ (၅) လမ်း၊ တိုက်အမှတ်- ၂၃ ဟုခေါ်တွင်သော မြေကွက်ပေါ်၌ တည်ဆောက်ထားသည့် (၄) ခန်းတွဲ ဟောင်ကောင်ပုံစံ (၄) ထပ်တိုက် အဆောက်အဦ၏ တစ်ခန်းလျှင် ဧရိယာ- ၁၂½ပေ × ၅၀ပေ အကျယ်အဝန်းရှိ အခန်းအမှတ်- B 1/2 ၊ မြေညီထပ်နှင့် ပထမထပ် (တိုက်ကိုမျက်နှာမူလျက် လက်ယာဘက်ခြမ်း) တိုက်ခန်း (၁) စုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျော်လှိုင် (PKU -၀၇၈၁၃၀) ထံမှ (၈-၂-၂၀၀၂) ရက်နေ့စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စရံပေးကတိစာချုပ် အရ ငွေအပြေကြေပေးချေကာအပြီးအပိုင်ဝယ်ယူခဲ့သဖြင့် မြေရှင်အသိအမှတ်ပြု တရားဝင်တိုက်ခန်းပိုင်ရှင်ဖြစ်၍ တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူ ဦးနေထွန်း (NYHE -၁၄၇၇၃၀၊ ၁၂/ဗဟန (နိုင်) ၀၉၁၇၄၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက တိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/8243 YAMAHA RAY ယဉ်လက်ဝယ်ရှိသူ ဦးဒုကြုံးနုံး ၅/ကလထ(နိုင်) ၀၉၁၅၄၅ က စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၈၆၄၆ Jialing Dream-90 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးဦး ၇/ပခန(နိုင်) ၂၃၈၅၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/31881 Taryan 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးဝင်း ၉/အမဇ(နိုင်) ၀၄၅၄၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 76W/88544 YAMAHA Fino ယာဉ်လက်ဝယ်ရှိသူ ဒေါ်လာလ်ပဲဇင်း ၅/ကလထ(နိုင်) ၁၁၉၆၉၄ က စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/70438 New Aibo 125, M/C ယာဉ်လက်ဝယ် ရှိသူ ဦးအာကာမိုးမြင့် ၉/ခမစ(နိုင်) ၀၄၀၀၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/24824 Yamaha 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းထိုက် ၉/မဟမ(နိုင်)၀၂၄၉၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/39465 YAMAHA FZ150 ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးငယ် ၅/ကလထ (နိုင်)၂၅၄၂၃၀က စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/68215 Super Anbo, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီကျော် ၉/အမဇ(နိုင်) ၀၈၉၉၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/23918 Yes Sumbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်လွင် ၅/စကန(နိုင်) ၂၃၉၈၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/2839၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး ၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန(ရွာသာကြီး)**

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၂၈၊ ဦးပိုင်အမှတ် ၈၄၊ ၅၉ လမ်း x ၄၂ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကံရှိန် ၅/အတန(နိုင်)၀၃၆၈၇၈ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၂၃/၂၀၁၅) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းအေးဥ ၁၃/တယန(နိုင်)၀၅၁၉၁၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံရပ်ကွက်၊ အကွက်အမှတ် ၅၈၇၊ ဦးပိုင်အမှတ် ၂၆က+၂၄-ခ/လမ်း၃၀၊ ၈၄x၈၅ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးသန်း (ခ) တန်ဝေလိန် ၁၂/လသန (နိုင်)၀၁၈၀၅၂ က အရောင်းအဝယ်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ ပြည်ထောင်စုအမှတ်(၂)လမ်းတွင် တည်ရှိသော ကွင်း/အကွက်အမှတ်နှင့် အမည်(၃၃၄-က ၊ ကွေ့ကြီးအရှေ့မြောက်ကွင်း)၊ ဦးပိုင်အမှတ်(၇၀/၂)၊ မြေအမျိုး အစား- (ဒေါ်ခင်သိန်းမြ ၅/ဆလက(နိုင်)၀၀၀၃၀၆)အမည်ဖြင့် သီးနှံသိုလှောင်ရုံနှင့် ဂိုဒေါင်ဆောက်လုပ်ရန် အခြားနည်းချထားသော မြေကွက်)၊ ဧရိယာ ၁ဒသမ၀၀ ဧက အနက်မှ အလယ်ခြမ်းဖြစ်သော ဧရိယာ ၀ဒသမ၀၇၃ဧက၊ အလျား (၄၀)ပေ x အနံ (၈၀)ပေ၊ အရှေ့လားသော်-ဦးပိုင်အမှတ်(၇၀/၂)၏အရှေ့ခြမ်း၊အနောက်လားသော်- ပြည်ထောင်စုအမှတ်(၂)လမ်း၊ တောင်လားသော်-ဦးပိုင်အမှတ်(၇၀/၂)၏ တောင်ခြမ်း၊ မြောက်လားသော်-ပေ(၃၀)ကုန်ထုတ်လမ်း စသည့် နယ်လေးရပ်အတွင်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အား ဒေါ်လှဲ့လှဲ့ဦး ၅/ကနန(နိုင်)၀၃၄၀၇၃ က ဝယ်ယူသည့်နည်းလမ်းဖြင့် ပိုင်ဆိုင်ထားပြီး ၎င်းမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ခင်စန္ဒာအောင် ၅/ခဥတ (နိုင်)၀၇၄၃၀၀ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ရာ ယင်းမြေကွက်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမှုရင်းများနှင့်အတူ ကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| (လွှဲအပ်သူများ)- | (လွှဲအပ်ခြင်းခံရသူ) |
|---|---|
| ဒေါ်ခင်စန္ဒာအောင် | ဦးအောင်လင်း (LL.B, MPA.) |
| ၅/ခဥတ(နိုင်)၀၇၄၃၀၀ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၂၁/၂၀၁၅) |
| ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊ | နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ |
| ဖုန်း-၀၉-၂၀၆၀၀၂၂ | ဖုန်း-၀၉- ၄၃၁၅၅၂၇ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဆားကန်ကျောင်းလမ်း၊ အမှတ်(၁၅ /A) ၄-လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၇x၄၅)ပေရှိ ရေမီးစုံလင်ပါသော တိုက်ခန်းကိုအရပ်ကတိစာချုပ်များဖြင့် ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဒေါ်ခင်ဝါဝါ ၁၀/ပမန (နိုင်) ၁၀၄၇၃၇ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးလွင်မိုး ၁၂/သဃက(နိုင်)၂၀၂၈၀၉ နှင့် ဇနီးဒေါ်နွေးနွေးဝင်း တို့က တိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေမှ စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြုံးဇာထွေး (LL.B, D.B.L, WIPO (Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၂၈)၊**
**အမှတ်(၂၆၅/C)၊ ကျိုက္ကဆံလမ်း၊ ဗျိုင်း/ရွာမရပ်ကွက်၊ တာမွေ၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၉၄၃၉၊ ၀၉-၉၇၈၁၁၁၇၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၆၈)၊ ၁၀၃(A)လမ်း၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးဝဏ္ဏမောင်လွင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၀၈၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော ဦးရဲအောင်တင်၊ ဒေါ်တင်တင်အေးတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၃၁၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သ SHINT LAN ၅/ခတန(ပြု)၀၀၀၁၁၆ က အမှုတွဲအမှတ်(၁၇၈၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၄၊ ဦးပိုင်အမှတ် ၄၇/၆၄x၆၅ လမ်းကြား၊ ၁၃၉x၁၄၀ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူခင်ပွန်း ဦးမောင်မောင်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ညွန့်သန်း ၁၄/မအပ(နိုင်)၀၀၇၃၉၇ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ပိတောက်(၂)လမ်း၊ မြေကွက်အမှတ်(၄၈၀)၊ ပါမစ်မိတ္တူခြမ်း၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ အိမ် ခြံမြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်အုံးမွေး ၁၂/ကခက(နိုင်)၀၂၉၅၀၄ က ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်သိန်းရွှေ ၁၂/ဥကတ(နိုင်)၀၄၃၃၈၈နှင့် ဒေါ်သန်းသန်းအေး ၁၂/ဥကတ(နိုင်)၀၄၃၃၂၆ တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**LL.B, D.B.L, Dip in English**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)အခန်း(၁၀၄/ဒီ)၊ပထမထပ်၊၃၅-လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/2651 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးတင့် ၅/ခဥန(နိုင်)၀၃၄၆၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5389 ယာဉ်လက်ဝယ်ရှိသူ ဦးမရှတန်ဂွန်း ၁/ဗမန(နိုင်) ၀၅၄၉၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၀)၊ ဦးပိုင်အမှတ်(၆၃)၊ ၄၁(စီ)လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဦးဝင်းမောင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၈၅၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဦးသောင်းလွင် ၁၂/ဒဂန(နိုင်)၀၂၄၂၂၃၏(GPရရှိသူ ဒေါ်နှင်းမြင့်မြတ်အေး)၊ ဒေါ်စန်းစန်းဝင်း ၁၂/ရပသ(နိုင်)၀၄၂၃၈၆၊ ဒေါ်ရီရီဝင်း ၉/မတရ(နိုင်)၀၀၄၈၀၄၊ ဒေါ်လှလှဝင်း ၉/အမရ(နိုင်)၀၀၉၉၂၉၏(GPရရှိသူ ဒေါ်ခင်စိုးမိုး)၊ ဒေါ်အေးသန်းဝင်း ၉/မတရ(နိုင်)၀၀၄၈၀၃၊ ဦးဆန်းလွင်ဝင်း ၉/မတရ(နိုင်) ၀၉၁၆၂၇တို့က အမှုတွဲအမှတ် (၁၈၀၉/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၄၊ ဦးပိုင်အမှတ် ၆၄/၆၄x၆၅လမ်းကြား၊ ၁၃၉x၁၄၀လမ်းကြားရှိ ဦးပေါ်များ အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးပေါ်များ၊ မိခင် ဒေါ်ခင်မြကြင်တို့ ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်သိမ့်သိမ့်ထူး ၉/မရမ(နိုင်)၀၀၀၄၀၁၊ ဒေါ်ဝတ်ရည်ထူး ၉/မနတ(နိုင်)၀၀၄၃၆၀၊ ဒေါ်မိုးမိုးအေး (ခ) မို့မို့အေး ၉/မနတ (နိုင်)၁၀၅၅၈၀တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၅)၊ ဦးပိုင်အမှတ် ၃၇/၅၅x၅၆လမ်းကြား၊ မင်းကြီးရန်နောင်နှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဒေါ်ရင်မေ အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးအုန်းဖေ၊ မိခင် ဒေါ်ရင်မေ၊ သား ဦးရှစ်ကောင်(လူပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးသန်းဦး ၉/မရမ(နိုင်)၀၂၂၆၃၆၊ ဒေါ်ငွေငွေနွဲ့ ၉/မရမ(နိုင်)၀၁၄၃၆၇၊ ဒေါ်ငွေရီ ၉/မရမ(နိုင်)၀၂၂၂၀၇တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ် ၇၅-ခ/ ၆၄x၆၅လမ်းကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ ဒေါ်ရှကွန်သလာအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးလှမြင့်၊ မိခင် ဒေါ်ရှကွန်သလာတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးလှသော် ၉/မရတ(နိုင်)၁၂၅၈၅၃၊ ဦးတင့်ဝေ ၉/မရတ(နိုင်)၁၂၆၃၇၄၊ ဒေါ်သိန်းထိုက် ၉/မရတ(နိုင်)၁၂၆၃၇၃၊ ဦးလှထွန်း ၉/မရတ(နိုင်)၁၂၆၃၇၂တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဘ) ဦးနန်ဒိုးကပ် ၏သမီး ကျွန်မ မကျိုန်စန်းလွန် ၅/ကပတ(နိုင်) ၂၉၇၃၇၉၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၅၁၆၁၆၉၄**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ဝင်းပကျေးရွာ-ရွာကြီးနေ (ဘ) ဦးတင်ထွန်း၏သား မအိချောပို၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းထွန်း ၁၀/သထန (နိုင်)၂၉၁၆၄၉ ဖြစ်ပါကြောင်း

**ဦးဇော်ဝင်းထွန်း**

## Passport ပျောက်ဆုံးကြောင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့နေ မယွန်းအိမ်စည် (ဘ) ဦးသိန်းထွန်း ၁/ကမန(နိုင်)၀၅၀၉၈၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 683435) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၃၁၃၁၄၀၈**

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁၂)၊ Grade-11($B_2$) မှ မောင်ဟာရိရဲဘို၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၉-၂၀၀၉ဖြစ်၍ ၎င်း၏ ဖခင်အမည်မှန်မှာ ဦးခီရဲ့ဆာ ၁/မကန(နိုင်) ၁၁၃၂၀၂ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၆၅၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်း ၁၂/စခန (နိုင်)၀၄၉၀၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၈၁၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 60W/43316, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးအိအိလင်း ၁၃/လလန(နိုင်)၀၇၀၅၁၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(လွိုင်လင်မြို့)**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ကောင်းကင်ကြယ် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်ဖြိုးဝေယံ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ထွန်း ၈/မမန(နိုင်)၁၇၈၂၇၂ ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်ထွန်း**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမျိုးသိန်း ၏သား ကျွန်တော် ဦးလင်းလင်းထွန်း ၁၂/ဒလန(နိုင်)၀၈၈၄၀၈ ၏ ပတ်စ်ပို့နံပါတ်(MH-717034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၂၇၆၄၂၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၄၊ ဦးပိုင်အမှတ် ၇၅-ခ/၆၈x၆၉လမ်းကြား၊ အောင်သစ္စာလမ်းနှင့် အောင်မေတ္တာဓမ္မာရုံလမ်းကြားရှိ ဒေါ်မြမြသွေးအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးမြင့်ဆွေ၊ မိခင် ဒေါ်မြမြသွေးတို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသား ဦးငြိမ်းကျော်ထက် ၉/မရမ(နိုင်)၀၈၈၇၇၄က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေ ရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၁)၊ ဦးပိုင်အမှတ် ၉၉-ခ/ ၈၇လမ်း၊ ၂၄x၂၅လမ်းကြားရှိ ဦးသောင်းစိန်၊ ဒေါ်ခင်လှလှ၊ ဒေါ်အေးအေးလွင်၊ ဒေါ်ညိုညိုလွင်၊ ဒေါ်ခင်မမ၊ ကိုဟန်ဇော်ဦးတို့ ခြောက်ဦးအမည်ပေါက် ဂရန်မြေကွက်အား ဦးသောင်းစိန် (လူပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သူပူးတွဲအမည်ပေါက်သူများဖြစ်ကြသော ဒေါ်ခင်မမ ၉/မနတ(နိုင်)၀၆၇၈၃၆၊ ဦးဟန်ဇော်ဦး ၉/မနတ(နိုင်)၁၀၁၃၄၅၊ ဒေါ်ခင်လှလှ ၉/မနတ(နိုင်)၀၀၈၃၇၆၊ ဒေါ်ညိုညိုလွင် ၉/မနတ(နိုင်)၁၀၁၃၄၇၊ ဒေါ်အေးအေးလွင် ၉/မနတ(နိုင်)၁၀၁၃၄၆တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ် ၃/၁၉လမ်း၊ ၅၉Bလမ်းရှိ ဦးစိုးသိမ်း၊ ဒေါ်လှလှ(ခ) ဒေါ်အေးလှ အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဦးစိုးသိမ်းကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်လှလှ (ခ) ဒေါ်အေးလှ ၉/မနမ(နိုင်)၀၆၁၆၂၂က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်ဘိုးရပ်ကွက်၊ အကွက်အမှတ်၅၆၇၊ ဦးပိုင်အမှတ် ၅၇-ခ/၁/မြစ်ငယ်-ထုံးဘိုလမ်းမကြီးဘေး၊ ဆင်ဘိုးအုပ်စု၊ မင်းတဲကုန်းကျေးရွာ၏တောင်ဘက်၊ မိုင်တိုင် ၅/၂ ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းခမ်းလူ ၁၃/နခတ(နိုင်)၀၁၃၄၃၁ ၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၁၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးခိုင် ၅/ခတန(နိုင်)၀၀၀၈၂၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၆)၊ ဦးပိုင်အမှတ် (၁၃၄)၊ ၆၇Ax၆၈ကြား၊ ၁၁၉x၁၂၀လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၆၄၅/၉၀-၉၁)အရ ဦးမြင့်ဆွေ ၉/အမရ(နိုင်)၀၃၅၀၂၀ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်ခင် ၉/အမရ(နိုင်)၀၃၄၄၉၀ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၈)၊ ဦးပိုင်အမှတ် (၈၆)၊ ၆၇x၆၈ကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၄၁၉/၈၉-၉၀)အရ ဦးသန်းရွှေ ၉/မနမ(နိုင်)၀၈၅၀၇၀ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်သန်း ၉/တသန(နိုင်)၀၈၂၈၁၆မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
# သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
# "ကြေညာစာ"

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၉)ကို ၂၀၂၆-ခုနှစ် ဇန်နဝါရီလတွင် အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **သင်တန်းအမည်**
(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း (CD/53)
( ခ ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း(CE/51)
( ဂ ) ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း(CME/06)

၂။ **ပေးအပ်မည့်ဒီပလိုမာ**
(က) ရေကြောင်းပညာဒီပလိုမာ (Diploma in Nautical Studies)
( ခ ) ရေကြောင်းနည်းပညာဒီပလိုမာ (Diploma in Maritime Technology)
( ဂ ) ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Marine Electrical Technology)

၃။ **သင်တန်းဝင်ခွင့်အရည်အချင်း**
